
# ကချင်ပြည်နယ် သဘာဝသယံဇာတအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒဆွေးနွေးချက်စာတမ်း

ဖားကန့်-အကြီးစားစက်ယန္တရားဖြင့် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ စီမံကိန်းမစခင်နှင့် ပြုလုပ်ပြီးနောက်ပိုင်း





ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့(KDNG) မှ ထုတ်ဝေသည်။

ဇွန်လ၊ ၂၀၁၅

**ထုတ်ဝေသူ**

ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့(KDNG)

**ဓါတ်ပုံ**

KDNG နှင့် အင်တာနက် Website

**အုပ်ရေ**

(၁၀၀၀)

**ထုတ်ဝေသည့်ရက်စွဲ**

၂၀၁၅ ခုနှစ် ဇွန်လ

## ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ (KDNG) ၏ အကြောင်း

KDNG သည် ၂၀၀၄ခုနှစ်တွင် စတင်တည်ထောင်သော ကချင်ပြည်နယ်အတွင်းနှင့် ပြည်ပနိုင်ငံများရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့များနှင့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများ စုပေါင်းထားသောကွန်ယက် တစ်ခုဖြစ်ပါသည်။

အဖွဲ့၏ဦးတည်ချက်မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကချင်ပြည်နယ် အတွင်းရှိ ဒေသခံအဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ တန်းတူညီမျှမှုနှင့် တရားမျှတမှုအပေါ် အခြေခံသော ငြိမ်းချမ်းဖွံ့ဖြိုးသာယာသောလူမှုအဖွဲ့အစည်းဖြစ်ပေါ်စေရန် မြှင့်တင်ပေးခြင်း ဖြစ်သည်။ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆုံးဖြတ်ချက်များနှင့် လှုပ်ရှားမှု များတွင် အမျိုးသမီးပိုမိုပါဝင်မှုကို အားပေးသည်။

အဖွဲ့အစည်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် လူမှုရေးနှင့် နိုင်ငံရေးတိုးတက်ပြောင်းလဲ ဖြစ်ပေါ်စေရန်အတွက် တိုက်ပွဲဝင်နေကြသော ဒေသခံပြည်သူများအတွက် တန်းတူညီမျှမှုနှင့် တရားမျှတမှုအပေါ် အခြေခံ သည့် လူမှုအဖွဲ့ အစည်းတစ်ရပ်ကိုထူထောင်မြှင့်တင်ပေးရန်ဖြစ်သည်။


**ဆက်သွယ်ရန်**

Email: kdngchn@gmail.com

Website: http://www.kdng.org

Facebook: Kachin Development Networking Group (KDNG)

## မူဝါဒဆွေးနွေးချက်စာတမ်းဖြစ်ပေါ်လာပုံ

ဤမူဝါဒ ဆွေးနွေးချက်စာတမ်းသည် ဗဟိုထိန်းချုပ်မှု စနစ်အောက်က အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းကြောင့် ဒုက္ခရင်ဆိုင်နေရသော ဟူးကောင်းချိုင့်ဝှမ်း၊ မြစ်ဆုံ၊ ဖားကန့်၊ ပူတာအို၊ ချီဖွေနှင့် အခြားသော ကချင်ဒေသခံ လူထုများနှင့်အတူတကွ လက်တွဲ၍ သုတေသနပြုလုပ်ခြင်း၊ ကချင်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်နေသော အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းနှင့် စည်းစနစ်မကျသော သယံဇတသဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲမှုအပေါ် KDNG အဖွဲ့၏ (၁၀) နှစ်ကျော် စောင့်ကြည့် လေ့လာချက်အရ တွေ့ရှိလာခြင်း၊ နိုင်ငံတကာမှ သဘာသသယံဇာတ အရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲခြင်း ပြ**ဿ**နာကို ဖြေရှင်းသောအတွေ့အကြုံ များကိုအခြေခံ၍ ရေးသား ထုတ်ဝေခြင်း ဖြစ်သည်။ ဤစာတမ်းသည် ကချင်ပြည်နယ်တွင်ရှိသော သဘာဝ သယံဇာတအရင်းအမြစ် များကို အနာဂတ် မျိုးဆက်သစ်တွေအတွက် အမှန် တကယ် အကျိုးခံစားမှု ရရှိစေရန်နှင့် အငြင်းပွားနေသော နိုင်ငံရေးပြဿနာကို ကျော်လွှား ဖြေရှင်း နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

# မာတိကာ


| | | |
|---|---|---|
| **မိတ်ဆက်** | | ၁ |
| **အခန်း (၁)** | ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်၊ အနာဂတ်အတွက် မျှော်မှန်းခြင်း | ၃ |
| **အခန်း (၂)** | ကချင်ပြည်နယ်၏ စိန်ခေါ်မှုများ | ၈ |
| **အခန်း (၃)** | ကချင်ပြည်နယ်မှ သင်ခန်းစာများ၊ ယခင်အပစ်အခတ်ရပ်စဲရေး ထွက်ရှိချက်နှင့် လက်ရှိ ဖွံ့ဖြိုးရေးစီမံချက်ကို သုံးသပ်ခြင်း | ၁၂ |
| **အခန်း (၄)** | လက်ရှိ နိုင်ငံရေး တည်ဆောက်မှုမှ အကောင်အထည်ဖော်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းအား ပျက်စီးရာ ဆိုးကျိုးများကို တွန်းပို့နေခြင်း | ၁၈ |
| **အခန်း (၅)** | လက်ရှိအကောင်အထည်ဖော်ဆောင်နေသော သဘာဝသယံဇာတ တို့အား ပျက်စီးစေသော ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ပဋိပက္ခတို့အား အဖြေရှာခြင်း | ၃၀ |
| **အခန်း (၆)** | ကြားကာလ ခြေလှမ်းများ | ၄၃ |
| **အခန်း (၇)** | ကာကွယ်ရေး ယနရားများ တည်ဆောက်ခြင်း | ၄၆ |
| **နိဂုံး** | | ၅၁ |

# အတိုကောက်ဝေါဟာရ

| | |
|---|---|
| **SLORC** | State Law and Order Restoration Council |
| **SPDC** | State Peace and Development Council |
| **KIO/KIA** | Kachin Independent Organization/ Kachin Independent Army |
| **CPI** | China Power Investment corporation |
| **KSPP** | Kachin State Progressive Party |
| **HIV & AIDS** | Human Immunodeficiency Virus & Acquired Immune Deficiency Syndrome |
| **EITI** | Extractive Industries Transparency Initiative |
| **SEIA** | Social and Environmental Impact Assessment |
| **FlEGT** | Forest Law Enforcement, Governance and Trade |
| **FPIC** | Free, Prior and Informed Consent |

# နိဒါန်း

ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ စွမ်းအင်နှင့် သဘာဝ အရင်းအမြစ်တို့အား ကမ္ဘာကြီးအနှံ့ စဉ်ဆက်မပြတ် တောင်းဆိုမှုများကြောင့် သဘာဝအရင်းအမြစ်များမှာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်းနှင့် ကမ္ဘာကြီးအနှံ့ ဖွံ့ဖြိုးရေးစီမံကိန်းများ အစီအစဉ်ချ ဆောင်ရွက်လျက်ရှိသည်။

"သဘာဝသယံဇာတဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းစဉ်များ" ကို အစိုးရမှ စတင်ခဲ့ပြီး ဒေသခံ လူထု အတွက် ဖွံ့ဖြိုး ရေးစီမံကိန်းခေါင်းစဉ်အောက်တွင် ပြုလုပ်သော စီးပွားရေးဖြစ်သည်။ အစိုးရအနေဖြင့် စီမံကိန်းမှ ထွက်ရှိလာမည့် ကောင်းကျိုးရလဒ်တို့နှင့်ပတ်သက်ပြီး ပုံစံမျိုးစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ကတိပြုခဲ့သည်။ သို့သော်လည်း လုပ်ငန်းအကောင်အထည်ဖော်သည့် အချိန်မှ စပြီး ဒေသခံလူထုတို့မှာ ကြီးမားသော ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ကြရပြီး အစိုးရမှ ပေးထားသော ကတိတို့မှာလည်း ဖြည့်ဆည်းပေးခြင်း တစ်ကြိမ်တစ်ခါမှ မရှိခဲ့ပါ။ ထို့ကြောင့် သဘာဝသယံဇာတတို့မှာ ပြည်သူလူထုတို့အတွက် ကောင်းချီးမင်္ဂလာအစား ကျိန်စာသာ ဖြစ်နေခဲ့သည်။

ငွေမလိုလားအပ်သည့် ထွက်ရှိချက်တို့မှာ လူကဖန်တီးသည့် ဘေးအန္တရာယ် တွေဖြစ်ပြီး ရှောင်လွှဲလို့မရနိုင်သည့် အရာလည်းဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းအား လူထုမှ အကျိုးခံစားခွင့်မရှိခြင်းမှာ ပုံစံမကျသော ဒီမိုကရေစီ စီမံခန့်ခွဲမှုနှင့် နိုင်ငံရေးတည်ဆောက်မှု တို့ကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးတည်ဆောက်မှုမှာ ကောင်းကျိုးထက် သဘာဝ

သယံဇာတတို့အား ပျက်စီးထိခိုက်စေမည့် အရာတို့ကို ထည့်သွင်းစဉ်းစားခြင်း မရှိပဲ ထုတ်ယူ သုံးစွဲခွင့် ပြုသောကြောင့် အနာဂတ် မျိုးဆက်သစ်တို့အတွက် သဘာဝသယံဇာတတို့မှာ ပိုမိုနည်းပါးလာသည်။ အကျိုးဆက်အနေဖြင့် ကချင်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်း၊ လူထု ကျန်းမာရေး ထိခိုက်စေခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်စေခြင်း၊ ပဋိပက္ခတို့ ဖြစ်ပွားခြင်းနှင့် မမျှတခြင်း၊ တရားမျှတမှု မရှိခြင်းတို့ ပိုမိုဖြစ်ပေါ်လာစေ သည်။

ယခု မူဝါဒ (ရပ်တည်ချက်) စာတမ်းသည် အခြေအနေပြဿနာတို့၏ အခြေခံ အကြောင်းတရားတို့အား ပိုမိုနားလည်သဘောပေါက်စေရန်နှင့် ဖြေရှင်း နိုင်မည့် နည်းလမ်းတို့အား အဆိုပြုတင်ပြခြင်းဖြစ်သည်။ ဒေသခံပြည်သူ လူထု တို့အား ၄င်းတို့၏ အရင်းအမြစ်တို့ကို မည်ကဲ့သို့ ဖြန့်ဝေ၊ အသုံးပြုမှု စသည့် အခြေအနေတို့နှင့် အနာဂတ်မျိုးဆက်သစ်တို့အတွက် ရေရှည်ခိုင်မာ မှုရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တို့ကို လုပ်ဆောင်သွားနိုင်ရန် အတွက် ပူးပေါင်းမှုများရှိလာစေရန် တိုက်တွန်းနှိုးဆော် လိုသည့် ရည်ရွယ် ချက်ဖြင့် ရေးသားခြင်းဖြစ်သည်။

ဦးစာဂျီး
အထွေထွေအတွင်းရေးမှူး
ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့(KDNG)

# အခန်း (၁)

## ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်၊ အနာဂတ်အတွက် မျှော်မှန်းခြင်း

ကချင်ပြည်နယ်ဖွံ့ဖြိုးရေးကို မည်သို့မြင်ချင်သနည်း။ မည်သို့သော အနာဂတ်မျိုး မိမိတို့ အနေဖြင့် လိုချင်သနည်း စသည့်မေးခွန်းတို့သည် မိမိတို့ အနေဖြင့် တည်ဆောက်လိုသော နိုင်ငံရေးပုံစံ၊ စနစ်တို့အတွက် ထောက်ပြနေခြင်း ဖြစ်သည်။

ယခုအခြေအနေတွင် ဗဟိုအစိုးရအနေဖြင့် ပြောဆိုနေသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် အကျိုးအမြတ်နှင့် စီးပွားရေးခွင်တွင် ပိုမိုချဲ့ထွင်နိုင်မည့် အကြောင်းတရားတို့ကိုသာ ရှေးရှုသည်။ ၄င်းသည် အလွယ်ကူဆုံး ချဉ်းကပ်မှုသာဖြစ်သည်။ ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုတက်ရေး အစီအစဉ်သည် ဒေသခံ ပြည်သူလူထု၏ လူမှုဘဝသာယာရေးနှင့် စီးပွားရေး အကျိုးကို ဦးတည်ပြီး လုပ်ဆောင်သင့်သည်။ ဒေသခံလူထုကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းခွင်ဖန်တီးပေးမှု၊ သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေး ပစ်မှတ် များ၊ စသည့် လူထုအကျိုးစီးပွားကို ဝင်ငွေများပိုမိုရရှိမည့် မျှော်မှန်းချက်ထက် ပိုမို ဦးတည်သင့်သည်။

ရုပ်ဝတ္ထုဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့မှာ အတူတကွ အဆင့်မြင့် တိုးတက်မှု ရှိနေရန် လိုပါသည်။ ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်ရေး အနေဖြင့် နိုင်ငံအတွင်း လိုအပ်သော ကျောင်းများ၊ ဆေးရုံများ၊ စိုက်ပျိုးရေး စီမံချက်များစသဖြင့် ဆောက်လုပ်မှုမျိုး ပြုလုပ်နေရန် ဆိုလိုသည်။ လူသား အရင်းအမြစ်ဖွံ့ဖြိုးရေးအနေဖြင့် ပြည်သူလူထုတို့၏ အသိပညာ၊ အတွေးအခေါ်များ မြှင့်တင်ပေးခြင်း၊ ဉာဏ်ရည်မြင့်မားမှုရှိစေရန် လုပ်ဆောင်ပေးခြင်းတို့ဖြစ်သည်။ အထက်ပါ လုပ်ငန်းအကောင်အထည် ဖော်မှု၊ စီစဉ်ဆောင်ရွက်မှုတို့ကို ပြည်သူတို့၏သဘောထား၊ ဆုံးဖြတ်ချက်နှင့် သာလုပ်ဆောင်ရမည် ဖြစ်သည်။ ရုပ်ဝတ္ထုဖွံ့ဖြိုးရေးမှာ အချိန်ကာလတစ်ခု အပြီးတွင် ပပျောက်သွားနိုင်ပါသည်။ သို့သော်လည်း လူသားအရင်းအဖြစ် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များသည် အလွယ်တကူ မပျက်စီးသွားနိုင်သလို အချိန်ကာလ ကြာမြင့်စွာ တည်ရှိနေနိုင်သည်။

***လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂညီလာခံ ကြေညာစာတမ်း***

*စတော့ဟုန်း၊ ၁၉၇၂*

*စည်းမျဉ်း ၁*

*လူသားတိုင်းသည် အခြေခံအခွင့်အရေးများ ဖြစ်သည့် လွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ ပြည့်စုံမှုရှိသော ဘဝနေထိုင်မှု၊ လူ့ဂုဏ် သိက္ခာနှင့် လူမှုဘဝ ဖူလုံမှုရှိပြီး အဆင့်တန်းရှိရှိ နေထိုင်နိုင်သည့် ပတ်ဝန်းကျင်ရှိပြီး ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက် သစ်တို့အတွက် ကြီးလေး သော ကာကွယ် စောင့်ရှောက်ရေး တာဝန်များကို ဆောင်ရွက် ခြင်းနှင့် ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ရေးတို့ဖြစ်သည်။ လူမျိုးရေးခွဲခြားမှုများ၊ လူမျိုးစုခွဲထွက်မှုများ၊ ခွဲခြား ဆက်ဆံမှုများ၊ ကိုလိုနီနှင့် အခြားဖိနှိပ်မှုများ၊ နိုင်ငံခြားသားများ၏ ကြီးစိုးမှုများကို အားပေးခြင်း၊ ဖော်ဆောင်ခြင်းတို့ကို ရှုတ်ချရမှာဖြစ်ပြီး ပပျောက်အောင် ပြုလုပ် ရမည်ဖြစ်သည်။*

*စည်းမျဉ်း ၂*

*သတ္တသဘာဝပတ်ဝန်းကျင်တို့တွင် သဘာဝသယံဇာတများဖြစ်သော လေ၊ ရေ၊ မြေ အပင်များ၊ တရိစ္ဆာန်မျိုးစုံ စသည်တို့ပါဝင်သော ကမာမြေကြီးကို အနာဂတ် မျိုးဆက်သစ်တို့၏ အကျိုးစီးပွားအတွက် ကာကွယ်ရေးစနစ်ကို သင့်တင့် လျောက်ပတ်စွာ စီမံခြင်းအစီအစဉ်တို့ကို သေသေချာချာ စီစဉ်ထားရမည် ဖြစ်သည်။*

## ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေး ကြေညာစာတမ်း ၁၉၈၆
## ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေး ကြေညာစာတမ်း

*အပုဒ် ၁*

၁။ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေးသည် အကြွင်းမဲ့လူ့အခွင့်အရေးဖြစ်ပြီး လူသားတိုင်း ပါဝင်ခွင့် အကျိုးပြုခွင့်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည့်ဝစွာအသုံးပြုခွင့်၊ အခြေခံလွပ်လပ်ခွင့်ကို လူသားတိုင်း ရရှိခံစားခွင့်ရှိသည့် လူ့အခွင့်အရေးတစ်ရပ်အဖြစ် ရှိရမည်။

၂။ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေးသည် ပြည်သူလူထုတို့၏ ကိုယ်ပိုင်ရပ်တည်ခွင့်ကို အပြည့်အဝ ဖော်ပြထားခြင်းဖြစ်ပြီး နိုင်ငံတကာလူ့အခွင့်အရေး သဘောတူညီချက်များနှင့် သဘာဝသယံဇာတနှင့် ကြွယ်ဝချမ်းသာမှု စသည့် ပြည့်ဝသော အချုပ်အခြာအာဏာရှိရမည်။

**အနာဂတ်အိပ်မက်များ...**

- ကချင်ပြည်နယ်တွင်းရှိပြည်သူလူထုတို့၏ ရပ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိပြီး အကြမ်းဖက်မှု တို့မှ ထွက်ပြေးရန် မလိုတော့ခြင်း၊
- ပြည်သူလူထုအားလုံး လူတန်းစေ့နေထိုင်မှု ဘဝတွေကို ပိုင်ဆိုင်နိုင်ပြီး ဆင်းရဲ ချမ်းသာ ကွာဟမှုများ လျော့နည်းလာခြင်း၊
- ပြည်သူလူထုတို့မှ သဘာဝသယံဇာတသုံးစွဲမှု ဆိုးကျိုးများကြောင့် ထိခိုက်မှုများ ကန့်သတ်လာနိုင်ပြီး ဒေသခံများအနေဖြင့် အကျိုးအမြတ်တချို့ကို ခံစားခွင့်ရှိခြင်း၊
- ပြည်သူလူထုအားလုံး သင့်တင့်သော ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ စသည့် လူမှုဝန်ဆောင်မှုများကို ရရှိခံစားခွင့်ရှိခြင်း၊

- ပြည်သူလူထုတို့မှ ဒေသအုပ်ချုပ်ရေးနှင့် အကန့်အသတ်မရှိသော ဆုံးဖြတ်ချက် ချပိုင်ခွင့် စသည်တို့တွင် ပါဝင်ခွင့်ရရှိခြင်း၊
- ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတတို့ကို မျိုးဆက်တစ်ခုမှ နောက်မျိုး ဆက်များအထိ အသုံးပြုခွင့်ရရှိခြင်း၊

**မျှော်မှန်းချက်၊ ရည်မှန်းချက်များ ဖြစ်မြောက်စေရန်…**

- ○ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီရရှိရန် ဝိုင်းဝန်းတည်ဆောက်ခြင်း
- ○ ဒေသခံပြည်သူများပါဝင်သော ဖွံ့ဖြိုးရေးအစီအစဉ်တို့ကို အကောင်အထည်ဖော်ခြင်း
- ○ ဖွံ့ဖြိုးရေးစီမံချက်များနှင့် သဘာဝသယံဇာတများ တူးဖော်ခြင်းနှင့် ပတ်သတ်ပြီး အစိုးရ၊ စီးပွားရေး ကုမ္ပဏီနှင့် လူထုကြား ပွင့်လင်းမြင်သာမှု ပိုမို ကောင်းမွန်စေခြင်း၊
- ○ ဒေသခံပြည်သူများအနေဖြင့် ကချင်ပြည်ရှိ သဘာဝသယံဇာတ အကျိုးအမြတ်တို့ကို ၎င်းတို့ကိုယ်တိုင် သဘာဝအရင်းအမြစ်တို့ကို ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်မှတဆင့် ရရှိနိုင်ရန်အတွက် ဖွဲ့စည်းပုံပြင်ဆင်ရန်လိုအပ်သည်၊ သို့မှသာ
- ○ လူထုမှ ရွေးကောက်တင်မြောက်ထားသော ပြည်နယ်အစိုးရအနေဖြင့် သဘာဝ သယံဇာတ တူးဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်တို့ကို တိုက်ရိုက်စီမံခန့်ခွဲခွင့်ရှိပြီး ဒေသခံလူထုတို့အား ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာ များ ရှိ စေရမည်။

- ပြည်နယ်အစိုးရ အနေဖြင့် အကြီးစားစီမံကိန်းတို့နှင့် ပတ်သတ်ပြီး ဒေသခံလူထုတို့၏ သဘောထားများပါဝင်မှု ရှိစေရန်အတွက် ဆန္ဒခံယူခွင့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊
- ပြည်နယ်အစိုးရမှ အခွန်များကောက်ယူခြင်းနှင့် သဘာဝ သယံဇာတ များမှ ဝင်ငွေ (သို့) အကျိုးအမြတ်တို့ကို ခွဲဝေပေးခြင်း နှင့် အများစုကို ကချင်ပြည်နယ်ရှိ ဒေသခံလူထုမှ ခံစားခွင့် ရှိရမည်ဖြစ်သည်။
- ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ကချင်ပြည်နယ်မှ သဘာဝသယံဇာတမှ ရရှိသော အခွန်များနှင့် ဝင်ငွေတို့ကို အသုံးပြုပြီး ကချင်ပြည်နယ်တွင် ပညာရေး၊ ကျန်းမာရေး နှင့် လမ်းပန်းဆက်သွယ်ရေးစသည်တို့ကို ဆောက်လုပ်ရာတွင် အသုံးပြုရမည် ဖြစ်သည်။

# အခန်း (၂)

# ကချင်ပြည်နယ်၏ စိန်ခေါ်မှုများ

၁၉၈၉ တွင် တရုတ်အစိုးရမှ ၎င်းတို့၏ မြန်မာပြည်နှင့် ပြုလုပ်သော နယ်စပ်ကုန်သွယ်ရေး မူဝါဒတို့ကို ပြောင်းလဲလာသည်။ ထိုမှတဆင့် တပ်မတော်နှင့် လုပ်ငန်းသဘောတူညီချက်များ ပြုလုပ်ခဲ့ပြီး ပိုမိုအားကောင်း မှုရှိစေရန် လုပ်ဆောင်နိုင်ပြီး ဖွံ့ဖြိုးရေးစီမံချက်များကို ဆက်လက် လုပ်ဆောင်နိုင်ခဲ့သည်။ တရုတ်အစိုးရမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြား တိုးတက်ရေး ကောင်စီ (SLORC) ကို အတိုးမပါပဲ ဒေါ်လာသန်းတစ်ထောင် ချေးပေး ခဲ့သည်။ [1] ယခုကဲ့သို့ နွေးထွေးသော ဆက်ဆံရေး ရှိနေသော ကာလတွင် တရုတ်ခေါင်းဆောင်များမှ မြန်မာပြည်သို့ အလည်အပတ်သွားခဲ့ပြီး ကချင် ပြည်နယ်ရှိ သဘာဝသယံဇာတတို့ကို ယူနန် (Yunnan) နယ်မြေ ဖွံ့ဖြိုးတိုး တက်ရေးအတွက် အသုံးပြုသွားမည့် ခိုင်မာသည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ခဲ့သည်။

---

1 https://www.facebook.com/video.php?v=10152308682301503&set=vb.634351502& type=2&theater

တရုတ်မြန်မာနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုန်သွယ်ရေးများ လုပ်ဆောင်နေသော ကာလအတွင်း မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေး အဖွဲ့ (KIA/KIO) တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၁၉၉၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ [2]

နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန်ထက် “စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ” ကို ပထမ ဦးစားပေး လုပ်ဆောင်ခဲ့သည်။ အပစ်ရပ်စဲကာလ ၁၇ ခုနှစ်အတွင်း သစ်ထုတ်လုပ်မှုများ၊ ဓာတ်သတ္တုတူးဖော်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ မြန်မာစစ်တပ်မှ ကချင်ပြည်နယ် အတွင်း အလုံးအရင်းနှင့် ဝင်ရောက်ခဲ့ပြီး ကုမ္ပဏီများတည်ထောင်ခြင်းနှင့် စီးပွားရေး မိတ်ဖက်များ ဖွဲ့စည်းနိုင်ခဲ့သည်။ ဖါးကန့်ဒေသရှိ သဘာဝ သယံဇာတများမှာ မြေကြီးမှ တူးဖော်ရခြင်းဖြစ်ပြီး အကျိုးဆက်အဖြစ် သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာ ပျက်စီးနိုင်သလို မရေတွက်နိုင်တဲ့ ရောဂါကပ်ဆိုးများလည်း ရရှိနိုင်သည်။

၂၀၀၆ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (SPDC) မှ ဒေသခံပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုမရှိပဲ ယူဇနကုမ္ပဏီကို ဟူးကောင်းချိုင့်ဝှမ်းရှိ မြေဧက ၂၀၀,၀၀၀ (နှစ်သိန်း)ကျော် ကိုချပေးခဲ့ပြီး အကြီးစားစိုက်ပျိုးရေး စီမံကိန်းများကို အကောင်အထည် ဖော်သည့် စက်ရုံတို့ကိုလည်း တည်ထောင်ခွင့် ပေးခဲ့သည်။[3] ထို့အပြင် ၂၀၀၆ ခုနှစ်တွင် ဝန်ကြီးချုပ် ဦးသိန်းစိန် (ယခုသမ္မတ) မှ ဘေဂျင်း (Beijing) နှင့် တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနီးမြုပ်နှံမှု ကော်ပိုရေးရှင်း (CPI) ကြား

[2] http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-Myanmar%20% 20The% 20Military%20Regimes%25%2020View%20of%20the%20%20World.pdf
[3] http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-Myanmar%20%20The%20Military%20Regimes%25%2020View%20of%20the%20%20World.pdf

မလိ-အင်မိုင်းခ ဓါတ် ၆၀၀၀ မီဂါဝပ်ရှိသော အကြီးစားဆည်တခုနှင့် အခြား ရေကာတာ (ဆည်) ၆ ခုကို ကချင်ပြည်နယ်တွင် တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ရေကာတာမှ ထွက်ရှိလာသော ရေအား လျှပ်စစ် ၉၀%ကို တရုတ်သို့ တင်ပို့မှာဖြစ်ပြီး ကချင်ပြည်နယ်တွင် ထိခိုက်နစ်နာ ဆုံးရှုံးမှုတို့သာ ကျန်ရှိမည်ဖြစ်သည်။[4]

မြန်မာစစ်အစိုးရအနေဖြင့် တရုတ်နှင့် "ဖွံ့ဖြိုးရေးစီမံကိန်း" တော်တော်များများကို ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သော်လည်း ဆုံးဖြတ်ချက်ချ သောနေရာတွင် သော်လည်းကောင်း၊ အရင်းအမြစ်တို့ကို စီမံခန့်ခွဲရာတွင်သော်လည်းကောင်း ဒေသခံလူထုတို့ကို ထည့်သွင်း ပါဝင်စေခြင်းမရှိခဲ့ပါ။ ကချင်ပြည်နယ်တွင်ဖွံ့ဖြိုးရေး စီမံကိန်းအကျိုးဆက် အဖြစ် လူမှုရေးပြဿနာများ၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုတို့မှာ ထိန့်လန့် တုန်လှုပ်ခြင်းအဆင့်တွင် ရောက်ရှိနေသည်။[5]

ဒီလိုပြဿနာတွေနဲ့ ဖြစ်ပေါ်လာသော်လည်း အစိုးရနှင့် နိုင်ငံရေး အရ တွေ့ဆုံစကားပြောဖို့ရန် အခြေအနေမပေးခဲ့ပါ။ KIA/KIO အနေဖြင့် ဒေသခံပြည်သူတို့ရဲ့ အခွင့်အရေး၊ လုပ်ပိုင်ခွင့်တို့ကို ဖော်ပြထားသည့် အချက် ၁၉ ချက်ပါ စာတမ်းကို ၂၀၀၆ ခုနှစ်တွင်ပြုလုပ်သော အမျိုးသားညီလာခံ သို့ တင်သွင်းခဲ့သည်။ အမျိုးသားညီလာခံတွင်တာဝန် ရှိသူများမှ ၄င်းတင်ပြချက် တို့ကို မှတ်တမ်းအဖြစ် သိမ်းဆည်းသွား မည့် ကတိကိုပေးခဲ့သည်။ ၂၀၁၀ခုနှစ်တွင် ဒေါက်တာမနမ်တူးဂျာ ဦးဆောင်သော ကချင်ပြည်နယ်

---

4 http://www.kdng.org/imagess/stories/publication/DammingtheIrrawaddy.pdf

5 http://www.kdng.org/images/stories/publication/TyrantsTycoonsandTigers.pdf; http://www.kachinwomen.com/images/stories/publication/driven_away.pdf;http://www.aidsdatahub.org/dmdocuments/HSS_2009_report_Myanmar.pdf

တိုးတက်ရေး ပါတီ (KSPP) ကိုဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်စီစဉ်ခဲ့သည်။ သို့သော်လည်း KSPP သည် နိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုမခံရပါ။ ကချင်ပြည်နယ်ရှိ ဆွမ်ပရာဘွမ် နှင့် အင်ဂျန်းယန်မြို့နယ် တို့တွင် ရွေးကောက်ပွဲ ပြုလုပ်ခွင့် မပေးခဲ့ပါ။

တပြိုင်နက်တည်းတွင် စစ်အစိုးရမှ KIA/KIO ကို မြန်မာစစ်တပ်အောက်မှ နယ်ခြားစောင့် တပ်အဖြစ် အသွင်ပြောင်းလဲရန် အတင်းအဓမ္မဖိအားပေးခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲအပြီး ဇွန်လ ၉ ရက် ၂၀၁၁ ခုနှစ်တွင် KIA/KIO နှင့် မြန်မာစစ်တပ်ကြား တိုက်ပွဲများ ပြန်လည်စတင်ခဲ့သည်။ ၁၀၀,၀၀၀ ကျော်သော ကချင်ပြည်သူများမှ ၎င်းတို့၏နေရပ်၊ နေအိမ်တို့ကို စွန့်ခွာခဲ့ရပြီး စစ်ပြေးရှောင်များအဖြစ် နေထိုင်နေကြရသည်။ ခုလို စစ်ပွဲတွေ ပြန်ဖြစ်တာဟာ နိုင်ငံရေးပြဿနာကို ဖြေရှင်းမှုမပြုလုပ်ပဲ ဖွံ့ဖြိုးရေး စီမံကိန်း များကိုသာ လုပ်ဆောင်ခြင်းကြောင့်ဟု ပြောနိုင်သည်။[6]




[6] Lessons from the Kachin "Development" Experience, Analysis of Kachin State development based on research from 2005-2012, Kachin Development Networking Group (KDNG)

# အခန်း (၃)

## ကချင်ပြည်နယ်သင်ခန်းစာများ – အပစ်ရပ်အပြီး ထွက်ရှိချက်တို့ကို အခြေခံပြီး ထက်ရဖွံ့ ဖြိုးရေးအစီအစဉ်တို့ သုံးသပ်ခြင်း

၁၉၉၄ ခုနှစ် ကချင်ပြည်နယ်တွင် အပစ်ရပ်သဘောတူညီချက်များ ပြုလုပ်ပြီးနောက် စစ်အစိုးရမှ ဒေသခံတိုင်းရင်းသားများအား အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက်ပြုလုပ်နေသည်။ စစ်အစိုးရနှင့် ၎င်းတို့၏ အပေါင်းအပါတို့မှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့ကို အလေးမထားပဲ ပြည်သူတွေအပေါ် ဂုတ်သွေးစုပ်အမြတ်ထုတ်မှုတွေကို ပြုလုပ်ခဲ့သည်။ သဘာဝသယံဇာတကို အသုံးပြုပြီး ပြုလုပ်သော "ဖွံ့ဖြိုးရေး" အစီအစဉ် တို့ကြောင့် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်ကျင်တို့ကို တိုက်ရိုက် ရိုက်ခတ်မှု၊ ဆိုးကျိုးတို့ကို ခံစားကြရသည်။ ဆင်းရဲချမ်းသာကြား ကွာဟမှု များလာပြီး အာဏာပိုင်များနှင့် ၎င်းတို့၏ နောက်လိုက်များမှာ ပိုမိုလောဘ ဇောများ တက်လာကြပြီး မိသားစုနှင့် လူမှုပတ်ဝန်းကျင်ကို နောက်ဆက်တွဲ အကျိုးဆက် အနေဖြင့်ခံစား ကြရသည်။ ဓါတ်သတ္တု တူးဖော်သည့် နေရာနှင့် ဖွံ့ဖြိုးရေးစီမံကိန်းနေရာတို့တွင် နေထိုင်သော ဒေသခံ ပြည်သူများ အနေဖြင့် အကျိုးဆက်တို့ကို အများဆုံးခံစားကြရသည်။

စိတ်မကောင်းစရာမှာ လက်ရှိသမ္မတသိန်းစိန်အစိုးရ နိုင်ငံတကာ အလှူရှင်များ၊ ရင်းနှီးမြုပ်နှံ လိုသူများ၏ အားပေးမှုကို ရရှိထားသူအနေဖြင့် ယခင်စစ်အစိုးရလက်ထက်ကအတိုင်း ဆက်လက်လုပ်ဆောင်နေသည်ကို

တွေ့ရသည်။ အပစ်ရပ်စဲရေးကို ပထမအဆင့်ပြုလုပ်မှာဖြစ်ပြီး အကြီးစား စီးပွားရေးဖွံ့ဖြိုးရေး စီမံကိန်းတို့ကို စက်မှုလုပ်ငန်းများမှတဆင့်ပြုလုပ်သည်။ တစ်ပြိုင်နက်တည်းတွင် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့် ဖွဲ့စည်းပုံ ပြဿနာများဖြစ်သည့် သဘာဝသယံဇာတတို့ကို စီမံခန့်ခွဲခြင်းနှင့် အကျိုး အမြတ် တို့ကို ခွဲဝေသုံးစွဲခွင့်တို့ကို လစ်လျူရှုထားသည်။ [7]



*၂၀၁၄ခုနှစ်၊ ဖားကန့်တွင် တနိုင်တပိုင်ကျောက်စိမ်းတူးဖော်နေပုံ*

ကချင်ပြည်နယ်သင်ခန်းစာအရတန်းတူညီမျှမှုမရှိသော မြေယာ ပြဿနာများနှင့် သဘာဝသယံဇာတ လုပ်ပိုင်ခွင့်အာဏာစီးဆင်းမှုတို့ကို ဖြေရှင်းခြင်း မရှိပဲအကြီးစားဖွံ့ဖြိုးရေး စီမံကိန်းတို့ကို တိုးမြင့် လုပ်ဆောင်ခြင်း သည် ပဋိပက္ခနှင့် ဒုက္ခဆင်းရဲတို့ကိုသာ ပိုမိုဖန်တီးရာ ရောက် မည်ဖြစ်သည်။

ယခုအချိန်တွင် ငြိမ်းချမ်းရေးဖော် ဆောင်မှုကို လုပ်ဆောင်နေ သော်လည်း မြေယာများ သိမ်းယူခြင်း၊ အတင်းအဓမ္မပြောင်းရွှေ့နိုင်းခြင်း

---

[7] Lessons from the Kachin "Development" Experience, Analysis of Kachin State development based on research from 2005-2012, Kachin Development Networking Group (KDNG)

တို့မှာ စီးပွားရေး ဖွံ့ဖြိုးမှု စီမံကိန်းကို ဆက်လက်လုပ်ဆောင်သော အကျိုးဆက်ကြောင့် ဖြစ်သည်။

လက်ရှိ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဖြစ်စဉ်တို့မှာ ယခင်ပြုလုပ်ခဲ့သော ပုံစံအတိုင်းဖြစ်နေသည်။ ရှင်းလင်းသည့် ဖြေရှင်းချက် အနေဖြင့် ကချင်ပြည်နယ်တွင် အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများမစတင်ခင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားမမျှတမှုတို့ကို ပထမဦးစားပေးဖြေရှင်းရမှာဖြစ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ဆောင်သော အချိန်တွင် ကချင်ပြည်နယ် ပြည်သူများမှ ၎င်း အကျိုးအမြတ်ကို ခံစားခွင့်ရှိရမည်ဖြစ်သည်။ အသစ်မရနိုင် တော့သော သဘာဝသယံဇာတနှင့် ပတ်သတ်ပြီး ကချင်ပြည်နယ်တွင်း နိုင်ငံရေးစနစ်တခုရှိပြီး စီမံကိန်းများဖော်ဆောင်ရာတွင် အနည်းဆုံး ထိခိုက်မှု ဖြစ်နေစေရန်နှင့် ရေရှည်အသုံးချနိုင်မည့် အနေအထားမျိုးဖြစ်စေရန် သေချာအောင် လုပ်ဆောင် ရမည်ဖြစ်သည်။

## ဗဟိုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း၏ အနုတ်သဘောဆောင်သော အကျိုးရလဒ်များ

### (က) လူမှုရေးပြဿနာနှင့် ကျန်းမာရေးထိခိုက်နစ်နာမှုများ [8]

၁။ ပြည်သူများမှ ၎င်းတို့၏ မြေများ သိမ်းယူခံရခြင်းနှင့် နေရာများမှ ဖိအားပေး ပြောင်းရွှေ့နိုင်းခံရခြင်း

၂။ မြေအသိမ်းခံရသောပိုင်ရှင်များ မှလျော်ကြေးအပြည့်အဝမရရှိခြင်း

၃။ လုပ်ငန်းများ ပြောင်းလဲမှုကြောင့် ဒေသခံပြည်သူများမှ တစ်နေ့ တစ်ခြား ဒုက္ခဆင်းရဲ မှုများ နှင့် တွေ့ကြုံနေရခြင်း

---

[8] http// www.kdng.org. Kachin Development Networking Group published reports “ Valley of Darkness, Damming The Irrawaddy, Tyrants, Tycoons and Tigers

၄။ အိမ်ထောင်ထိမ်းသိမ်းသူများ၊ အိမ်ထောင်ရှင် အမျိုးသမီး များ မှ စားဝတ်နေရေး ဆိုးကျိုးများ ကို ခံစားကြရခြင်း

၅။ ကလေးများကျောင်းမနေနိုင်တော့ခြင်း

၆။ အာဏာပိုင်များနှင့် ငွေကြေးချမ်းသာသူများကြား လာဘ်ပေး လာဘ်ယူ မှုများ ပိုမို များပြား လာခြင်း

၇။ လောင်းကစားရုံများတိုးပွားလာခြင်း၊အကျင့်စာရိတ္တပျက်ပျား လာခြင်း၊

၈။ မိသားစုပြဿနာများပြားလာခြင်းနှင့် အိမ်ထောင်ကွဲမှုများ ပိုရှိလာခြင်း

၉။ မူးယစ်ဆေးဝါး သုံးစွဲမှုများနှင့် ရောင်းဝယ်ဖောက်ကားမှု ပြဿနာများပြားလာခြင်း၊ လုယက်မှု၊ ခိုးဝှက်မှုပိုမိုများပြား လာခြင်း

၁၀။ ပြည့်တန်ဆာရုံများနှင့်လူကုန်ကူးမှုများ ပိုမိုတိုးပွားလာခြင်း၊ [9] မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် HIV/AIDS နှင့် အခြား လိင်မှတစ်ဆင့် ကူးစက်ရောဂါများ ပိုမိုဖြစ်ပွားများလာပြီး ပျံ့နှံ့ ကူးစက် လာခြင်း [10]

၁၁။ ငှက်ဖျား၊ ဝမ်းရောဂါ၊ တီဘီ၊ ကင်ဆာရောဂါများ ဆက်လက် ဖြစ်ပေါ်နေပြီး ကုသမှုများ အကန့်အသတ် ဖြစ်နေသေးခြင်း၊

၁၂။ သတ္တုတွင်း တူးဖော်သည့် နေရာတွင် နေထိုင်သော ပြည်သူများမှာထိခိုက်ဒဏ်ရာအနာတရများရရှိခြင်း၊ အသက် သေဆုံးသည့် အထိဖြစ်ခြင်း။

9 http://www.kachinwomen.com/images/stories/publication/driven_away.pdf

10 10 http://www.aidsdatahub.org/dmdocuments/HSS_2009_report_Myanmar.pdf

၁၃။ စိတ်ပိုင်းဆိုင်ရာရောဂါများနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်နေခြင်း။

၁၄။ သတ္တုတူးဖေါ်သည့်နေရာတွင်နေထိုင်သော မိခင်လောင်းများ အနေဖြင့် ပြဒါး၊ (Mercury) နှင့် ဆိုင်ရာနိုက် (cyanide) စသည် အဆိပ်သင့်ဓါတုစွန့်ပစ်ပစ္စည်းတွေကြောင့် ကလေးများမှာ မွေးဖွားစဉ်အတွင်း ရောဂါများ ရရှိခဲ့ကြသည်။ မသန်မစွမ်းကလေးများ ပိုမိုများပြားလာခြင်း၊

၁၅။ လေထုရေထုညစ်ညမ်းမှု ဖြစ်ပေါ်လာခြင်း၊ ထို့ကြောင့် အရေပြားရောဂါများ အများ အပြား ဖြစ်ပွားနေခြင်း။

၁၆။ စည်းစနစ်မကျသော သယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲခြင်းကြောင့်ပြည်တွင်းစစ်ကို ပိုမိုပြင်းထန်လာစေခြင်း၊ ထိုပြည်တွင်းစစ်ကြောင့် ပြည်သူများ မိမိဒေသကို စွန့်ခွာပြီး စစ်ပြေးဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်သူ အရေအတွက် ပိုမိုများပြားလာခြင်း။ စသည့် လူမှုရေးပြ**ဿ**နာနှင့် ကျန်းမာရေး ထိခိုက်နစ်နာမှု များဖြစ်ပေါ် လျက်ရှိသည်။

## (ခ) သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများ [11]

၁။ သစ်တောများပြုန်းတီးလာခြင်း၊ဒေသတွင်း ပေါက်ရောက်သောအပင်များ၊ ပန်းပင်များ၊ ဆေးမြစ်ပင်များ နှင့်တိရစ္ဆာန်မျိုးစိတ်များ မျိုးသုဉ်းလာခြင်း၊ မြေဆီ လွှာများ ကုန်ခန်း ခြင်း

၂။ ဆိုးရွားသော ရာသီဉတုဖောက်ပြန်မှု ဖြစ်ပေါ်လာခြင်း၊ ထို့ကြောင့် ရေခဲတောင်များ အရည်ပျော်လာခြင်း၊ ရေကြီးမှု၊ ရေလွှမ်းမိုးမှု ပုံစံမျိုးစုံဖြစ်ပေါ်ခြင်း၊

[11] http// www.kdng.org. Kachin Development Networking Group published reports " Valley of Darkness, Damming The Irrawaddy, Tyrants, Tycoons and Tigers

၃။ ရေတိုက်စားခံရခြင်းကြောင့် မြစ်ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်း၊ ပွတ်တိုက်ခံရသော မြေများ ပျောက်ကွယ်သွားခြင်း

၄။ ရွှေနှင့် အခြားသောသတ္တုတူးဖော်သော နေများတွင် အသုံးပြုသော ဓါတုစွန့်ပစ် ပစ္စည်းများကြောင့် လေနှင့် ရေများမှာ ညစ်ညမ်းလာခြင်းနှင့် မြစ်များ၊ စမ်းချောင်း များ၊ ရေကန်များကို ညစ်ညမ်းစေခြင်း

၅။ ဇီဝရုက္ခမျိုးကွဲတို့၏အကောင်းဆုံး နေရာများ ဖျက်ဆီး ခံရခြင်း

၆။ သဘာဝသယံဇာတများ လျင်မြန်စွာ ကုန်ခမ်းလာခြင်းစသည့် သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများ ဖြစ်ပေါ်လျက် ရှိသည်။

# ခန်း ( ၄ )

# လက်ရှိနိုင်ငံရေးအပြောင်းအလဲသည် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုတို့ကို တွန်းပို့သည်။

## (က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားမမျှတမှုများ

လက်ရှိမြန်မာ့ ဖွဲ့စည်းပုံအခြေခံဥပဒေသည်အစိုးရ၏လုပ်ပိုင်ခွင့် အာဏာအများစုကို ဗဟိုအစိုးရ၏ လက်ထဲ တွင်ရှိပြီး စစ်တပ်၏ အခန်းကဏ္ဍကိုလည်း အကြီးမားဆုံးပေးထားသည်။ ပြည်နယ် အစိုးရများကို တစ်စိတ်တစ်ပိုင်းသာ ရွေးကောက်မှုပုံစံမျိုးနှင့် ပြုလုပ်ပြီးလုပ်ပိုင်ခွင့်အာဏာကိုလည်း အထူးကန့်သတ်ထားသည်။ အောက်ဖော်ပြအချက်များမှာ ဖွဲ့စည်းပုံအတွင်းရေးသားထည့်သွင်းထားသော တရားမမျှတမှုများဖြစ်သည်။

- တိုင်းဒေသကြီး(သို့)ပြည်နယ်လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်ကာကွယ်ရေးဦးစီးချုပ်မှ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင် နှုန်း ခန့်အပ်ခွင့် သတ်မှတ်ပေးထားခြင်း၊

- စစ်တပ်မှ အရာရှိများအား ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် လုံခြုံရေးဝန်ကြီးများအဖြစ် ဦးဆောင်တာဝန်ပေးထားခြင်း၊

- ပြည်နယ်လွှတ်တော်အမတ်များသည် အရပ်သားလွှတ်တော်အမတ်များမှ ရွေးကောက်တင်မြှောက်ထားခြင်း ဖြစ်သော်လည်း လူဦးရေအပေါ်တွင် အခြေခံခြင်းမဟုတ်ပဲ မြို့နယ်တစ်ခုတွင် ကိုယ်စားလှယ် ၂ ဦးဆီသတ်မှတ်ရွေးချယ်ခြင်း၊

- ပြည်နယ်အုပ်ချုပ်ရေးအနေဖြင့် အစီအစဉ်အတိုင်း ဥပဒေများ ထုတ်ပြန်ရာတွင်အကန့်အသတ်များ အထူးသတ်မှတ်ထားခံရသည်။ ပြည်နယ်လွှတ်တော်မှ သဘာဝသယံဇာတသုံးစွဲမှု၊ ဝန်ဆောင်မှုတို့နှင့်ပတ်သက်ပြီး ဥပဒေများ ထုတ်ပြန်ပြုလုပ်မှုတို့တွင် ပါဝင်ခွင့်မရှိခြင်း၊ *(စာမျက်နှာ ၅၅၊ ၅၆၊ ၅၇ နောက်ဆက်တွဲတွင် ကြည့်ပါ)*

- ပြည်နယ်ဝန်ကြီးချုပ်မှာ နေပြည်တော် သမ္မတမှ တိုက်ရိုက်ရွေးချယ်ခန့်အပ်ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်မှာ ရွေးချယ်ခံရသော ကိုယ်စားလှယ် ဖြစ်သော်လည်း စစ်တပ်မှ ကိုယ်စားလှယ်များကိုလည်း ခန့်အပ်ပိုင်ခွင့်ရှိခြင်း၊

- တိုင်းဒေသကြီး(သို့)ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ် ဝန်ကြီးများအား ခန့်အပ်သည်။ ပြည်နယ်ဝန်ကြီးများမှာ အထွေထွေအုပ်ချုပ်ရေးဌာနအောက်မှ စီးဆင်းသည်ဖြစ်သည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးမှ တိုက်ရိုက် ထိန်းချုပ်သည်။

- ပြည်နယ်တရားသူကြီးချုပ်ကို နေပြည်တော်သမ္မတမှ ခန့်အပ်သည်။ ပြည်နယ်လွှတ်တော်အနေဖြင့် ပြည်နယ်တရားသူကြီးအား ငြင်းဆိုခြင်း၊ အလုပ်ဖြုတ်ခြင်းတို့ကို ပြုလုပ်ရန် ခက်ခဲခြင်း၊ ပြည်နယ်တရားရေးဌာနသည် ဗဟိုအစိုးရ အုပ်ချုပ်ရေးဌာနအောက်မှ တိုက်ရိုက်စီးဆင်းသည်။

- မြို့နယ် အာဏာပိုင်များမှာ ရွေးချယ်ခံရခြင်းမဟုတ်ပဲ အထွေထွေ အုပ်ချုပ်ရေးဌာနနှင့် စစ်တပ်ထိန်းချုပ်မှု အပြည့်ရှိသော ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီးတို့၏ အုပ်ချုပ်မှု အောက်တွင် ရှိသည်။

## *(ခ) ဗဟိုထိန်းချုပ်မှုစီမံခန့်ခွဲမှုအောက်တွင် ရှိသော သဘာဝသယံဇာတများ*

မြန်မာပြည်ရှိ စီးပွားရေးဖွံ့ဖြိုးရေးစီမံကိန်းသည် အထက်အောက် စီးဆင်းသော မူဝါဒကြောင်ဖြစ်သည်။ နိုင်ငံတော်အဆင့် ကနေကြည့်မည် ဆိုပါက နေပြည်တော်အစိုးရအနေဖြင့် ကချင်ပြည်နယ်အစိုးရကိုသော် လည်းကောင်း၊ ကချင်ပြည်တွင်နေထိုင်သော လူထုအားလည်းကောင်း ပြည်နယ်သဘာဝသယံဇာတနှင့်အကျိုးအမြတ်တို့အား လူမှုအကျိုးအမြတ် အဖြစ် ခွဲဝေပေးခြင်းတို့ စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်ချသည့် နေရာတွင် ပါဝင်ခွင့် ပိတ်ပင်ထားသည်။

ဥပမာ...အရည်အသွေး အကောင်းဆုံး ကျောက်စိမ်း "A" နှင့် "B" ကိုတန်းဖိုးဖြတ်ရာတွင်သော်လည်းကောင်း၊ ရောင်းခြင်း၊ ဝယ်ခြင်းကို ကချင်ပြည်နယ်အဆင့်တွင် ပြုလုပ်ခွင့်မရှိပဲ နေပြည်တော်ကနေ တဆင့်သာ ပြုလုပ်ခွင့်ရှိသည်။ အရည်အသွေးမမှီသော၊ နိမ့်သော ကျောက်စိမ်းတို့ကိုသာ ပြည်နယ်အဆင့် ရောင်းဝယ်ပိုင်ခွင့်ရှိသည်။[12]

ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တို့ကို နေပြည်တော်အစိုးရအဖွဲ့နှင့် ဒေသတွင်း (သို့) နိုင်ငံခြားကုမ္ပဏီကြားသာ ဆုံးဖြတ်ချက်ချသည်။ ၎င်းတို့အနေဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုပြဿနာတို့ကို တာဝန်ခံပေးခြင်းမရှိပါ။ နေပြည်တော်ဗဟိုအစိုးရ အနေဖြင့် သဘာဝသယံဇာတနှင့် ပတ်သက်ပြီး နိုင်ငံတကာက သတ်မှတ်

[12] အတွဲ (၂) အမှတ် (၂) ၂၀၁၅။ မတ် ၃၀-ဧပြီ ၉ ထုတ် မြစ်ကြီးနားသတင်းဂျာနယ်တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်ပြောဆိုခြင်း။

ထားသော အဆင့်အတန်းတို့နှင့် ဆန့်ကျင်ပြီး လုပ်ငန်းများ အကောင်အထည် ဖော်နေသည်။ (တစ်ဖက်ဖော်ပြပါ ဇယားကွက်ကို ကြည့်ပါ)။

ဒေသခံပြည်သူများအနေဖြင့် လက်ရှိလုပ်ဆောင်နေသော ဖွံ့ဖြိုးရေးစီမံကိန်းမှ အကျိုးအမြတ်များရရှိခံစားခွင့် မရှိသည်မှာ ထင်ရှားမြင်သာသည်။ ဥပမာ...မလိခ-အင်မိုင်ခ မြစ်ဆုံရေကာတာ တည်ဆောက်မှုကနေ ထွက်ရှိလာသော ၉၀% သော လျှပ်စစ်ဓာတ်အားကို တရုတ်သို့တင်ပို့ မည်ဖြစ်ပြီး ငွေပေးချေခြင်းကို နေပြည်တော်အစိုးရမှ ရယူမည်ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် ၄င်းတို့နေထိုင်ရာ ရပ်ရွာ၊ နေအိမ်များမှ ရွှေ့ပြောင်းခံရပြီး ၄င်းတို့၏ လယ်၊ ယာများကို လက်လွှတ် ဆုံးရှုံးခံရသည်။

## မြန်မာနိုင်ငံအစိုးရ၏ သဘာဝအရင်းအမြစ်များကို အဆင့်အတန်း သတ်မှတ်ခြင်း အခြေပြုစာရင်း

| Metric | Ranking |
|---|---|
| လူမှုဖွံ့ဖြိုးရေးအခြေပြုအညွှန်း (ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၂) | ၁၈၇ နိုင်ငံတွင် မြန်မာနိုင်ငံမှ ၁၄၉ တွင် သတ်မှတ် (အနိမ့်ကျဆုံးလူမှုဖွံ့ဖြိုးရေး) |
| လူမှုလွတ်လပ်ခွင့်နှင့်နိုင်ငံရေးလွတ်လပ်ခွင့် အညွှန်း (Freedom House, 2013) | လွတ်လပ်မှုမရှိပါ။ (အနည်းငယ် တိုးတက်မှုရှိလာသည်)။ |
| သတင်းမီဒီယာလွတ်လပ်ခွင့် အညွှန်း (နယ်စည်းမခြားသတင်းထောက်များအဖွဲ့ - Reporters without Borders, 2014) | ၁၇၇ နိုင်ငံတွင် မြန်မာနိုင်ငံမှ ၁၄၅ တွင် သတ်မှတ်ခံရ |
| အကျင့်စာရိတ္တပျက်ပြားခြင်း (လာဘ်စားခြင်း) အညွှန်း (Transparency International, 2013) | ၁၇၇ နိုင်ငံတွင် မြန်မာနိုင်ငံမှ ၁၅၇ တွင်သတ်မှတ်ခံရ |
| စီးပွားရေးလွတ်လပ်ခွင့်အညွှန်း (Heritage Foundation, 2014) | ၁၇၈ နိုင်ငံတွင် မြန်မာနိုင်ငံမှ ၁၆၂ တွင် သတ်မှတ်ခံရ |
| အရင်းအမြစ်များထိန်းချုပ်ခြင်းအညွှန်း (Revenue Watch Institute, 2013) | ၅၈ နိုင်ငံတွင် မြန်မာနိုင်ငံမှ ၅၈ တွင် သတ်မှတ်ခံရ |

**သဘာဝသယံဇာတတွေကို ထိန်းချုပ်သည့်ကိစ္စရပ်နှင့်ပတ်သက်ပြီး ဆွေးနွေးမည် ဆိုပါက အာဏာကြီး ၃ ရပ်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ၎င်းတို့မှာ...**

၁။ ပိုင်ဆိုင်မှု
၂။ စီမံခန့်ခွဲမှု
၃။ ကောက်ခံရရှိငွေများနှင့်ခွဲဝေမှု

လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝသယံဇာတနှင့် ပတ်သက်ပြီး ထိန်းချုပ်ထားသည့် ၎င်းအာဏာကြီး ၃ ရပ်မှာ ဗဟိုချုပ်ကိုင်မှု အပြည့်အဝ ယူထားသည်။

## ၁။ ပိုင်ဆိုင်မှု

အခန်း ၁၊ အပုဒ် ၃၇ (က) သဘာဝသယံဇာတအားလုံးသည် ဗဟို အစိုးရမှ ပိုင်ဆိုင် ခြင်းဖြစ်ပြီး ဒေသခံပြည်သူ များမှ ပိုင်ဆိုင်မှုမရှိပါ။

> အခန်း ၁၊ အပုဒ် ၃၇ (က) နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။

## ၂။ စီမံအုပ်ချုပ်မှု

သဘာဝသယံဇာတတို့ကို စီမံအုပ်ချုပ်ခြင်း၊ သဘာဝအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အကျိုးပျက်စေမည့် စီမံချက်တို့ကို တားဆီးကန့်သတ်ခြင်း စသည်တို့နှင့် ပတ်သတ်ပြီး ဥပဒေပြဌာန်းခြင်း၊ အတည်ပြုခြင်းတို့ကို ဗဟိုအစိုးရ အဆင့်၌သာ လုပ်ဆောင်ပိုင်ခွင့်ရှိသည်။ ဤအချက်နှင့် ပတ်သတ်ပြီး အခန်း ၁၊ အပုဒ် (ခ) တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။

> အခန်း ၁၊ အပုဒ် ၃၇ (ခ) နိုင်ငံတော်သည် နိုင်ငံပိုင် သယံဇာတ ပစ္စည်းများအား စီးပွားရေးအင်အားစုများကထုတ်ယူ သုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေ ပြဌာန်းရမည်။



*၂၀၁၄ တွင် ဒေသခံ ကချင်ပြည်သူများ၏ မြစ်ဆုံရေကာတာ (ဆည်) ဆန့်ကျင်ရေးလှုပ်ရှားမှု*

၂၀၀၈ ဖွဲ့စည်းပုံအရ အကယ်၍ ကချင်ပြည်နယ် လွှတ်တော်အမတ်များအားလုံး၊ တပ်မတော်သားအမတ်များ၊ ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် မြစ်ဆုံဆည်စီမံကိန်းကို အပြီးရပ်တန့်ဖို့ရန် နေပြည်တော် အစိုးရ၏ သဘောထားနှင့် ဆုံးဖြတ်ချက်မပါပဲ အကောင်အထည်ဖော်၍ ရနိုင်မည် မဟုတ်ပေ။ နေပြည်တော် အစိုးရ ကသာ ဆုံးဖြတ် ပိုင်ခွင့်ရှိသည်။

## *၃။ ဗဟိုအစိုးရ၏ ဝင်ငွေကောက်ခံမှုနှင့် သုံးစွဲမှု*

လောလောဆယ်တွင် မြန်မာ့သယံဇာတပစ္စည်းအများစု၏ ဝင်ငွေတို့ကို ဗဟိုအစိုးရမှ ကောက်ခံ ခြင်းဖြစ်ပြီး ပြည်နယ်နှင့်တိုင်းတို့ကို ပြန်လည်ခွဲဝေခြင်းနှင့်ပတ်သတ်ပြီး ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပါ။ ကချင်ပြည်နယ် အစိုးရအနေဖြင့် အခွန်ကောက်ယူခြင်းကို အကန့်အသတ်များနှင့် ကောက်ယူရခြင်းဖြစ်ပြီး အများစုကိုပြည်နယ် ဝင်ငွေအတွက် ဗဟိုအစိုးရကိုသာ မှီခို


နေရခြင်းဖြစ်သည်။ အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပုဒ်ခွဲ (ခ)အရ ကချင်ပြည်နယ် အစိုးရအနေဖြင့် ဝင်ငွေနှင့် အခွန်တို့ကို ၎င်းတို့၏ သဘောဆန္ဒအတိုင်း သုံးစွဲခွင့်အာဏာမရှိသည်ကို တွေ့ရသည်။ နိုင်ငံတော်အစိုးရ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် အုပ်စုများ၊ နိုင်ငံတကာအဖွဲ့အစည်းတို့နှင့်အတူ အခွန်ဝင်ငွေတို့ကို သုံးစွဲခြင်း နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်းတို့ကို ပြုလုပ်ပြီး ဒေသခံ ပြည်သူတို့၌ သဘောထားရယူခြင်းတို့ကို အနည်း အကျဉ်းသာပြုလုပ်သည်။

## နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပုံစံ




Corporations and UN/INGOs operating as unelected defacto state governments

**Figure 10: Share of the union budget transferred to state/region budgets, FY 2013-14**




Source: Union Budget Law FY 2013-14.

ပုံစံ ၁၀: ပြည်နယ်၊ တိုင်းဘတ်ဂျက်သို့ ခွဲဝေပေးသော နိုင်ငံတော်ဘတ်ဂျက်အခြေပြပုံစံ၊ ၂၀၁၃-၁၄ အပြာ။ အချက်အခြာကျသော လုပ်ငန်းဌာနများတွင် သုံးစွဲသော နိုင်ငံတော်ဘတ်ဂျက် အနီ။ ပြည်နယ်၊ တိုင်းသို့ လွှဲပေးသောငွေ (အကူအညီပေးငွေများ၊ ထောက်ပံ့ငွေများ) အစိမ်း။ ပြည်နယ်၊ တိုင်းသို့လွှဲပေးငွေ (ချေးငွေများ)

## သဘာဝသယံဇာတ ဝင်ငွေကောက်ခံခြင်း ချဉ်းကပ်မှုများ[13]

***သဘာဝသယံဇာတ အကျိုးအမြတ်တို့အား ကောက်ခံခြင်းနှင့် ခွဲဝေသုံးစွဲခြင်းနည်းလမ်း ၃ သွယ်***

*၁။ ဗဟိုအစိုးရမှ အခွန်များ၊ စီးပွားရေးအကျိုးအမြတ်များကောက်ယူခြင်းနှင့် ပြည်နယ်နှင့် အောက်ခြေအစိုးရတို့ကို ခွဲတမ်း (သို့) ရာခိုင်နှုန်းအလိုက် မျှဝေခြင်းတို့ကို ကြိုတင်သဘောတူညီမှုရှိထားသည့်အတိုင်း စီစဉ်ဆောင်ရွက်သည်။ (ပုံသေနည်းဝင်ငွေခွဲဝေခြင်း ပုံစံ)*

*၂။ ပြည်နယ်နှင့် ဗဟိုအစိုးရနှစ်ရပ်လုံးသည် သဘာဝသယံဇာတနှင့် ပတ်သက်သည့် မည်သည့် လုပ်ဆောင်မှုမျိုးမဆို အခွန်နှင့်အကျိုးအမြတ်တို့ကို တိုက်ရိုက်ကောက်ခံပိုင်ခွင့် အခွင့်အရေး ရှိသည်။*

*၃။ အထက်တွင်ဖော်ပြထားသည့် အပုဒ် ၁ နှင့် ၂ တို့ နှစ်ရပ်လုံးပေါင်းပြီး ဖော်ပြသည့် အစိတ် အပိုင်း တခုအဖြစ်ဖော်ပြနိုင်သည်။*

[13] N. Haysom, S. Kane, Negotiating Natural Resources for Peace, 2009

များမကြာမီက လွှတ်တော်တွင် အခွန်ဘဏ္ဍာများခွဲဝေ သုံးစွဲခြင်းပုံသေနည်း "formula based revenue" စနစ်တခုကို သတ်မှတ်ပြီး ဗဟိုအစိုးရမှ အခွန်များကိုဆက်လက်ကောက်ယူနိုင်ပြီး ပြည်နယ်နှင့် ပြန်လည်မျှဝေ ရမည်ဖြစ်သည်။ ယခုတင်ပြသော နည်းစနစ်သည် ဗဟိုအစိုးရမှ ပြည်နယ်အစိုးရသို့ ဘဏ္ဍာငွေ ခွဲဝေပေးခြင်း (သို့) ထိန်းချုပ်ခြင်းတို့ကို ပြုလုပ်နိုင်သည့်အတွက် ဗဟိုအစိုးရ၏ နိုင်ငံရေးထိန်းချုပ်မှုအာဏာကို တိုးမြင့်နိုင်သည်။ သို့ပါသောကြောင့် "formulate-based revenue" စနစ်သည် ငြိမ်းချမ်းရေးဖြစ်စဉ် အထူးသဖြင့် သယံဇာတနှင့်ပတ်သတ်ပြီး အဓိက အခက်အခဲရှိနိုင်သည်။

> *"Formula-based revenue ခွဲဝေခြင်းစနစ်နှင့်ပတ်သက်ပြီး သဘောတူညီမှုကို ထိန်းထားနိုင်ရန်အတွက် အကြီးမားဆုံး အတားအဆီးကတော့ ပြည်နယ်အစိုးရများအနေနှင့် ဗဟိုအစိုးရမှ သဘာဝသယံဇာတ အခွန်ဘဏ္ဍာတို့ကို လွှဲပေးရာတွင် အချိန်နှင့် တစ်ပြေးညီမပြုလုပ်နိုင်မည်ကို စိုးရိမ်ခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း (သို့) နိုင်ငံရေးအရ ဝင်ရောက် စွပ်ဖက်ခြင်းများ ပြုလုပ်မည်ကို စိုးရိမ် ကြောက်ရွံ့သည်။ ယခင်အချိန်တွင် သယံဇာတပစ္စည်းများကို ခွဲဝေသုံးစွဲခြင်းနှင့်ပတ်သတ်ပြီး ခွဲခြားဆက်ဆံမှုများရှိခဲ့ပြီး ၎င်းမှာ ပဋိပက္ခ၏ အဓိကပြဿနာဖြစ်ခဲ့သည်။ ဤပြဿနာသည် ဆူဒန် အီရတ်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ ဆွေးနွေးညှိနှိုင်းခြင်း ဆိုင်ရာနှင့် ပတ်သတ်ပြီး အချင်းချင်းကြားတွင် ယုံကြည်မှု မရှိသည်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။"* [14]

[14] ibid

## *(ဂ) အဆိုပြုထားသော ကာကွယ်ရေးယန္တရားကို ပြည်နယ်နှင့် ဒေသဆိုင်ရာ အဆင့်တွင် အကောင်အထည် ဖော်နိုင်ခြင်းမရှိ*

မြန်မာ့တည်ဆဲဥပဒေများသည် အားနည်းပြီး သယံဇာတခေါင်းပုံဖြတ် အမြတ်ထုတ်မှုများနှင့် ဖွံ့ဖြိုးရေးစီမံကိန်း၏ ဆိုးကျိုးတို့ကို ပြင်ပမှ လေ့လာစောင့်ကြည့် စစ်ဆေးပြီး ကာကွယ်သည့် စနစ်တစ်ခုမရှိပါ။ လက်ရှိ ဖွဲ့စည်းပုံအောက်တွင် အဆိုပြုထားသော ယန္တရားအနေဖြင့် ဆိုးကျိုးတို့ကို ရင်ဆိုင်ကြုံတွေ့နေရသော ဒေသခံလူထုတို့၏ နိုင်ငံရေးဦးတည်ချက်နှင့် ဆန္ဒတို့ကို ထည့်သွင်းစဉ်းစားခြင်း၊နားထောင်ခြင်းမရှိသလောက်ဖြစ်သည်။

လတ်တလောတွင် လုပ်ပိုင်ခွင့်အာဏာနည်းပါးသည့် ပြည်နယ်အစိုးရအနေဖြင့် ကချင်ပြည်နယ်တွင် နေထိုင်သော ပြည်သူများအနေဖြင့် ဒုက္ခဆင်းရဲပေါင်းစုံကို ခံစားနေရသည့်အခြေအနေကို အဖြေရှာနိုင်ရန်အတွက် ဗဟိုအစိုးရနှင့် တိုက်ရိုက်ဆွေးနွေး ညှိနှိုင်းရန်ဖိအားပေးခံရသည်။ သယံဇာတပစ္စည်းများနှင့်ပတ်သက်ပြီး ပြည်နယ်နှင့်ဒေသခံအစိုးရတို့မှ အမှန်တကယ် ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာရှိမည်ဆိုပါက ဒေသတွင်းနေထိုင်သူများအနေဖြင့် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု (EITI) စသည့် အကာအကွယ်ပေးနိုင်မည့် ယန္တရားမျိုးကို အသုံးပြုခြင်းဖြင့် ဒေသခံ အစိုးရများနှင့် ပူးပေါင်းချိတ်ဆက်မှုများကို ပြုလုပ်နိုင်မည် ဖြစ်သည်။ သို့သော်လည်း လူထုအနေဖြင့် အထက်ပါ ကာကွယ်ရေးယန္တရားတခုရှိလာသော်လည်း သဘာဝသယံဇာတနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်နှင့် စီမံအုပ်ချုပ်ခွင့် စသည်တို့နှင့်ပတ်သတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင်းပြဌာန်းထားသော တရားမမျှတမှုများကို ဖြေရှင်းနိုင်မည်မဟုတ်ပါ။ ဖွဲ့စည်းပုံတွင်ပြည်နယ်အစိုးရမှ လုပ်ပိုင်ခွင့်အာဏာမရှိပါက ဒေသတွင်း အကာအကွယ်ပေးရေး ယန္တရားရှိသော်လည်း ၄င်းယန္တရားကို ပြည်နယ်

အစိုးရများနှင့် ချိတ်ဆက်လုပ်ငန်းအကောင်အထည်ဖော်နိုင်မည့် အနေအထားမရှိသည်ကိုတွေ့ရသည်။

## *(ဃ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်များ ဖလှယ်ခွင့်တို့ကို ကန့်သတ်ချုပ် ခြယ်ခြင်း*

EITI အနေဖြင့် ၎င်းတို့လုပ်ဆောင်ရမည့် လုပ်ငန်းများကို သေသေချာချာ ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်နှင့် သတင်းဖလှယ်ခွင့်ရှိရမည် ဖြစ်သည်။ သတင်းမီဒီယာများ အနေဖြင့် သတင်းအချက်အလက်များကို စုံစမ်းခြင်း၊ ဖော်ပြခြင်းတို့ကို ကန့်သတ်မှုမရှိပဲလွတ်လပ်စွာရေးသား ဖော်ထုတ်ခွင့်နှင့် ပြည်သူများအနေဖြင့် လူထုဟောပြောပွဲများ၊ ဖိုရမ်များတွင် ပါဝင်ပူးပေါင်းခွင့်ရှိရမည်။ [15] ကချင်ပြည်နယ်တွင် လက်ရှိစစ်ပွဲများဖြစ်နေသည့် အတွက် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်နှင့်သတင်းဖလှယ်ခွင့်ကိုပြုလုပ်နိုင်သည့် အနေအထား မရှိပါ။ ပိုပြီးအေးချမ်းမှု ရှိသော နေရာများတွင်လည်း လက်ရှိဗဟိုအစိုးရ၏ ဖွဲ့စည်းမှုပုံစံအရစစ်တပ်၊ ရဲနှင့် အစိုးရအရာရှိများမှ နှောင့်ယှက်စော်ကားမှုများ၊ ခြိမ်းခြောက်မှုများကို ပြုလုပ်နေသည့်အတွက် ၎င်းလွတ်လပ်ခွင့် တို့မှာ အာမခံချက်မရှိ ဖြစ်နေသည်။

[15] Training manual for indigenous peoples on Free, Prior and Informed consent (FPIC) Published by AIPP 2014.

# အခန်း (၅)

## လက်ရှိ သဘာဝသယံဇာတ ဖွံ့ဖြိုးရေးအစီအစဉ်၏ ဆိုးကျိုးများနှင့်သက်ဆိုင်ရာပဋိပက္ခတို့ကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ

### ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေချက်ချင်းပြင်ဆင်ရန်

"မတူညီကွဲပြားသော လူမှုအသိုင်းအဝိုင်းများအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ (သို့) ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ဒေသထွက် သဘာဝသယံဇာတ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် သက်ဆိုင်သော ထိန်းချုပ်မှု အထူး သဖြင့် ကိုယ်ပိုင်လက္ခဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့နှင့်ပတ်သတ်၍ ဖြစ်ပေါ် နေသော ပဋိပက္ခတို့နှင့် ဆက်စပ်ပြီးအဆုံးအဖြတ်ပေးနိုင်ရန် တောင်းဆို ထားသည်။ သဘာဝသယံဇာတနှင့် ပတ်သက်ပြီး တာဝန်ယူမှု အပိုင်းကို ရှင်းလင်းစွာပြုလုပ်ထားပါက လာဘ်စားမှုများနှင့် အာဏာပိုင်များမှ ၎င်းတို့ စိတ်တိုင်း ကျပြုမူလုပ် ဆောင်မှု စသည့်အခွင့်အလမ်းတို့ကို လျော့ချနိုင်မည် ဖြစ်သည်။ ဖွဲ့စည်းပုံတွင် သယံဇာတနှင့်ပတ်သတ်ပြီး ၎င်းအကြောင်းအရာ နစ်ခုစလုံးနှင့် သက်ဆိုင်၍ အာဏာပိုင်တို့၏ ၎င်းတို့စိတ်တိုင်းကျ ပြုမူ ဆောင်ရွက် မှုကို ထိန်းချုပ်နိုင်ရန် လုပ်ပိုင်ခွင့်တို့ကို အသေးစိတ်သတ်မှတ် ထား ပေးရန်မဖြစ်မနေလိုအပ်သည်။ ဖွဲ့စည်းပုံတွင် ထည့်သွင်းရေးသား ခြင်းဖြင့် အငြင်းပွားစရာတို့ကို ဖြေရှင်းနိုင်ရန် မူဘောင်တစ်ခုကို ဖန်တီး ခြင်းနှင့် ဒွိဟဖြစ်စေသော အကြောင်းတရားတို့အပေါ် မူတည်ပြီး ရှေ့တွင်

ဖြစ်နိုင်ခြေရှိသော ပဋိပက္ခတို့ကို ဖြစ်ပေါ်စေရန် ပြုလုပ်သည့် သက်ဆိုင်ရာ ပါတီတို့အားရှင်းလင်းသည့် အနေအထားကိုအနိုင်အမာ ဖြစ် စေသည်။ [16]

ဖွဲ့စည်းပုံခြေခံဥပဒေအနေဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတ ပစ္စည်းများနှင့် ပတ်သတ်ပြီး ဥပဒေပိုင်းဆိုင်ရာ အခွင့်အရေးတွေကို ရှင်းလင်းစွာ ပြဌန်းရန်လိုအပ်သည်။ သို့မှသာ သဘာဝသယံဇာတစီမံခွဲဝေမှု၊ ဖွံ့ဖြိုးရေး နှင့် လူမှုငြိမ်းချမ်းရေးတို့အတွက် လိုအပ်သည့် အုတ်မြစ်ချနိုင်မည် ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံကို အသစ်ပြန်လည် ရေးဆွဲခြင်း (သို့) ပြန်အစား ထိုးခြင်း တို့ကို ပြုလုပ်ခြင်း ဖြင့် သယံဇာတနှင့်ပတ်သတ်ပြီး အထူးသဖြင့် ပိုင်ဆိုင်မှု၊ စီမံအုပ်ချုပ်ခွင့်နှင့် အခွန်ဘဏ္ဍာ ကောက်ယူခြင်း စသည်တို့ကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ တစ်ပြိုင်တည်းတွင် စစ်တပ်အား အရပ်သားအစိုးရ ထိန်းချုပ်မှုအောက်တွင် ထားရှိပြီး ပြည်နယ်အစိုးရကို လုံးလုံးတိုက်ရိုက် ရွေးကောက်ရမည်ဖြစ်သည်။

***ဖွဲ့စည်းပုံအခြေခံဥပဒေများအနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေး သဘော တူညီချက်တွင် သတ်မှတ်ထားသော လူနည်းစုတို့၏ အသုံးစရိတ်ကို အလွယ်တကူ ပြောင်းလဲခြင်းမှ ကာကွယ်နိုင်မည်။***

***(က) သယံဇာတနှင့်ပတ်သတ်ပြီး ကချင်ပြည်နယ်သည် အပြည့်အဝ ပိုင်ဆိုင်မှု ရှိသည်ကို ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင် ဖော်ပြရမည်။***

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝသယံဇာတပိုင်ဆိုင်မှု အခွင့်အရေး နှင့် ပတ်သက်ပြီး ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်းမရှိပါက ဗဟို၊ ပြည်နယ်

[16] N. Haysom, S. Kane, Negotiating Natural Resources for Peace, 2009.

နှင့် ဒေသခံအစိုးရတို့ကြား ပြဿနာများ ဆက်ရှိနေမည်ဖြစ်ပြီး ပဋိပက္ခများ အသစ်တဖန် ဆက်ဖြစ်လာမည်ဖြစ်သည်။ ပိုင်ဆိုင်မှုအခွင့်အရေးကို ရှင်းလင်းစွာပြုလုပ်ထားမှသာ နိုင်ငံရေးပြဿနာတို့ကို ဖြေရှင်းနိုင်ပြီး ရင်းနှီးမြုပ်နှံသူများမှလည်း စီးပွားရေးရင်းနှီးမြုပ်နှံရန်အတွက် စည်းရုံး သိမ်းသွင်းနိုင်မည်။ ထို့အပြင် လူထုဘဝများမှာလည်း တိုးတက်သော အဆင့် အတန်းတို့ဖြင့်နေထိုင်နိုင်မည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပိုင်ဆိုင်ခွင့် အခွင့်အရေးနှင့်ပတ်သက်ပြီး အခန်း ၁၊ အပုဒ် ၃၇ (က) တွင် ဖော်ပြထားချက်တို့ကို ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အောက်ပါ ကဲ့သို့ ပြောင်းလဲပြင် ဆင်ရမည်ဖြစ်သည်။

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။

သို့

ကချင်ပြည်နယ်ရှိ ပြည်သူလူထုတို့မှာ ကချင်ပြည်နယ်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။

ထို့အပြင် ကချင်ပြည်နယ် ပိုင်ဆိုင်မှုအခွင့်အရေးနှင့်ပတ်သက်ပြီး အောက်ပါအခြေခံ သဘောတရား တို့ကို ထည့်သွင်းရမည်။

(၁) လူတိုင်းသည်မြေယာနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေးနှင့် အများနှင့် သက်ဆိုင်သော ပိုင်ဆိုင်မှု အခွင့်အရေးရှိရမည်။

(၂) အကယ်၍ ထုံးတမ်းစဉ်လာဥပဒေအရ ပစ္စည်းဥစ္စာတို့ကို လူထုမှ ပိုင်ဆိုင်သည်ဟု ဖော်ပြထားချက်ရှိပါ ကဒေသခံလူထုအား လုံးမှ အသုံးပြုခွင့်ရှိရမည်။

(၃) ဒေသခံလူထုများမှ သဘာဝသယံဇာတတို့ကို တူးဖော်ထုတ် လုပ်ခွင့် ခွင့်ပြုချက် ပေးရမည်။

ပိုင်ဆိုင်မှုအခွင့်အရေးနှင့် ပတ်သက်ပြီးရှင်းလင်းစွာဖော်ပြ ထားချက် သည် ပဋိပက္ခကို လျှော့ချနိုင်သည်မှန် သော်လည်း အရေးကြီးသော အချက် တစ်ချက်အနေဖြင့် မှတ်သားရန်မှာ သယံဇာတတို့ကို စီမံအုပ်ချုပ်ခွင့်နှင့် အခွန်ဘဏ္ဍာတို့ကိုကောက်ယူခြင်းစသည့်လုပ်ငန်းယန္တရားတစ်ခုတည်ထောင် ရန် ပို၍ အရေးပါသည်ကို သတိပြုရမည်ဖြစ်သည်။

*ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်သည် သဘာဝသယံဇာတပစ္စည်းများအပေါ် ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းရန် ခုခံပြောဆိုရသည့် ရှုထောင့်ဖြစ်သည်။ သို့သော်လည်း ပိုင်ဆိုင်မှုကို သဘာဝသယံဇာတအား စီမံအုပ်ချုပ်ခွင့်၊ အခွန်ဘဏ္ဍာတို့ကို ခွဲဝေခြင်းနှင့် ထိန်းချုပ်ခြင်းစသည်တို့နှင့် သက်ဆိုင်သည့်သဘောထား နားလည်မှုလွဲမှား ကြသည်။* [17]

[17] N. Haysom, S. Kane, Negotiating Natural Resources for Peace, 2009




*ဒေသခံပြည်သူများမှ သယံဇာတတူးဖော်သောကုမ္ပဏီကြီးများရပ်ဆိုင်းရန် တောင်းဆိုခြင်း - ဖါးကန့် ၂၀၁၄*

## ၁။ ကချင်ပြည်နယ်အား လိုင်စင်ထုတ်ပေးခြင်းအပါအဝင် သဘာဝ သယံဇာတ ဖွံ့ဖြိုးရေးဆိုင်ရာ ပြည့်ဝသော စီမံအုပ်ချုပ်ခွင့်၊ ဥပဒေ ပြုခွင့်နှင့် အတည်ပြုခွင့်အာဏာတို့ ရှိရန် သေချာအောင် ပြုလုပ် ပေးရမည်။

> *"သဘာဝသယံဇာတဆိုင်ရာ ဥပဒေပြုခွင့်နှင့် အုပ်ချုပ်ခွင့် အခွင့်အာဏာ သတ်မှတ်ချက်တို့သည် မည်သူက သဘာဝ သယံဇာတဖွံ့ဖြိုးရေးနှင့် ကိုယ်ကျိုးစီးပွားအတွက် ခေါင်းပုံဖြတ် အမြတ်ထုတ်သလဲ စသည်တို့နှင့်ဆက်စပ်ပြီး ဥပဒေပြုလုပ် ခြင်း၊ စီမံခြင်းတို့ကို အဆုံးအဖြတ်ပေးသည်။ ဤအချင်းအရာ သည် ပိုင်ဆိုင်မှုဆိုသည့် အကြောင်းအရာထက်ပို၍ အရေး ကြီးပြီး သဘာဝသယံဇာတဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး ဥပဒေ ပြုခြင်း၊ စည်းကမ်းသတ်မှတ်လိုက်နာခြင်းအာဏာစသည့် အခွင့်အရေးတို့ကို ကန့်သတ်စေခြင်း နှင့်ပိုင်ဆိုင်မှု စသည် တို့ကို အဆုံးအဖြတ်ပေးစေသည်။"*[18]

[18] ibid

လတ်တလော အနေအထားတွင်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ သည်အထက်အောက်စီးဆင်းမှု ဖြစ်ပြီးနေပြည်တော် အစိုးရနှင့်စီးပွားရေး ကုမ္ပဏီအကြားသာ ကိုင်တွယ်ဖြေရှင်းသည်။ ဒေသခံအစိုးရနှင့် လူထုတို့ သည် ၎င်းလုပ်ငန်းဆောင်တာတို့တွင် ပါဝင်ခွင့် အခွင့်အရေးမရှိပါ။ ယခုကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုသည် အကျိုးအမြတ်ထက်ဆိုးကျိုးနှင့် ထိခိုက်နာကျင် မှုတို့ကိုပိုမိုဖြစ်ပေါ်စေပြီး ပဋိပက္ခကိုဖန်တီးရာရောက်သည်။ အောက်ခြေ မှအ ထက်သို့စီးဆင်းသော ဖွံ့ဖြိုးရေးအစီအစဉ်သည် ဒေသခံလူထုတို့ကို ဆုံးဖြတ်ချက်ချသည့် နေရာတွင် ဆက်စပ်ချိတ်ဆက်ခွင့်ရစေပြီး ဒေသခံ ပြည်သူတို့အတွက် ပိုမိုအကျိုးဖြစ် ထွန်းစေသည်။

လူထုအနေဖြင့် သဘာဝသယံဇာတပစ္စည်းတို့ကို ၎င်းတို့ကိုယ် တိုင်စီမံခွင့် မရရှိပါက နိုင်ငံရေး ပြဿနာများပိုမို ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံ့ငြိမ်းချမ်းရေးကို လည်းထိခိုက်စေ မည်ဖြစ်သည်။ ထို့ကြောင့်ကချင်ပြည် နယ် အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ သယံဇာတတို့ကို စီမံအုပ်ချုပ်ပိုင်ခွင့် ရရှိရမည်ဖြစ်သည်။ ထို့အပြင်ဒေသခံအစိုးရနှင့် လူထုတို့သည် စီမံအုပ်ချုပ် မှုတို့တွင်ပါဝင်ရမည်။ ဒေသဆိုင်ရာဖွဲ့စည်းပုံအရ မြေယာနှင့်သဘာဝ သယံဇာတတို့ကို စီမံအုပ်ချုပ်ခွင့်အာဏာရှိပါကဒေသခံလူထုတို့အား ဆုံးဖြတ် ချက်ချသည့် အာဏာကို ဆောင်ကျဉ်းပေးခြင်းအားဖြင့် လူနည်းစုတို့ကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

> *"ပုံမှန်လုပ်ပိုင်ခွင့် အာဏာဖြင့် သတ်မှတ်ထားသော အကြောင်း အရာများတွင် အောက်ပါ အချက် များပါဝင်သည်။ လုပ်ထုံးလုပ်နည်းများနှင့်လုပ်ပိုင်ခွင့်တို့ကို စာချုပ်ချုပ်ဆိုခြင်း၊ လိုင်စင်ချုပ်ဆို ပေးခြင်း၊ အခွန်နှင့် စစ်အစိုးရအား သစ္စာ စောင့်သိ ခြင်း၊ အလုပ်ခန့်အပ်ခြင်း ဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များ၊ ဘေးကင်းလုံခြုံမှု*

*နှင့် သဘာဝပတ်ဝန်းကျင် အဆင့်အတန်း သတ်မှတ်ထားမှု၊ သယ်ယူပို့ ဆောင်ရေး ကွန်ယက်၊ အလုပ်ကြမ်းသမားများ၏ ဥပဒေ၊ သင်းကုန်၊ ထုတ်ကုန်ဆိုင်ရာခွင့်ပြုချက်နှင့် အခွန် ကောက်နှုန်းသတ်မှတ် ခြင်းနှင့်အခြား သဘာဝသယံဇာတ အခန်းကဏ္ဍ ဖွံ့ဖြိုးရေးကို ထိခိုက်စေသော မည်သည့် ကိစ္စရပ်မဆိုအကျုံးဝင် သည်။”*[19]

စီမံအုပ်ချုပ်ရေးဆိုင်ရာ သတ်သတ်မှတ်မှတ်ဖြစ်သော ကဏ္ဍတွေကို ဇယားနှင့် ပြည်နယ်အစိုးရကြားခွဲထား ရန်လိုအပ်သည်။ ဥပမာ သဘာဝ ပတ်ဝန်းကျင်စံနှုန်းသတ်မှတ်ထားချက်နှင့် လုံခြုံရေး ဆိုင်ရာတို့ကို နိုင်ငံတော် အဆင့် သီးခြားသတ်မှတ်ထားသည်။ စီမံအုပ်ချုပ်မှုအာဏာသည် သဘာဝ သယံဇာတအပေါ် ဥပဒေပြုခွင့်နှင့် စီရင်ဆုံးဖြတ်ခွင့်အာဏာကို ရှိစေသည်။ သို့မှသာ သယံဇာတ တို့ကို ခေါင်းပုံဖြတ်ခြင်း နှင့်ဖွံ့ဖြိုးရေးအပေါ် ဥပဒေ ပြဋ္ဌာန်းခြင်း၊ဥပဒေပြုခြင်းတို့ကို မည်သူကပြုလုပ်နိုင်သည့်စွမ်းရည် ရှိသလဲ ဆိုသည်ကို အဆုံးအဖြတ်ပေးသည်။ ဤနည်းလမ်းဖြင့် စီမံအုပ်ချုပ်ခွင့် အခွင့်အရေးသည် ပိုင်ဆိုင်ခွင့် အခွင့်အရေးထက် ပိုပြီးအရေးကြီးသည်။ အဘယ်ကြောင့် ဆိုသော်သယံဇာတနှင့် ပတ်သတ်ပြီးဥပဒေပြဋ္ဌာန်းခြင်း နှင့် လိုက်နာစေခြင်းတို့ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာသည်ပိုင်ဆိုင်မှု အခွင့် အရေးနှင့် ကန့်သတ်ချက်တို့ကို ပြုလုပ်နိုင်သည့် အတွက်ကြောင့် ဖြစ်သည်။

---

[19] ibid

(ဖွဲ့စည်းပုံမှပြန်ကူးထည့်ရန်)

နိုင်ငံတော်သည် နိုင်ငံပိုင် သယံဇာတပစ္စည်းများအား
စီးပွားရေးအင် အားစုများကထုတ်ယူ သုံးစွဲခြင်းကို
ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ် သည့် ဥပဒေ ပြဋ္ဌာန်းရမည်။

သို့

ပြည်နယ်နှင့်တိုင်းသည် နိုင်ငံပိုင် သယံဇာတ ပစ္စည်းများအား
စီးပွားရေးအင်အားစုများက ထုတ်ယူ သုံးစွဲခြင်းကို
ကွပ်ကဲကြီးကြပ် နိုင်ရန် လိုအပ်သည့် ဥပဒေ ပြဋ္ဌာန်းရမည်။

## ပိုပြီးတာဝန်ခံမှုရှိစေရန်…

*ယေဘုယျအားဖြင့်ပြည်နယ် နှင့်ခရိုင်အစိုးရသို့ အုပ်ချုပ်ခွင့်အာဏာနှင့် ဥပဒေပြဋ္ဌာန်းခွင့်တို့ကို ခွဲဝေ ထားခြင်းအားဖြင့် အစိုးရအနေဖြင့် တာဝန်ခံမှုအခန်းကဏ္ဍကို ပိုမိုအားကောင်းအောင် ပြုလုပ်နိုင်မည့်အပြင် ပြည်နယ်၊ တိုင်းအစိုးရအနေဖြင့် လူထု၏ လိုအပ်ချက်နှင့် အကြိုက်ကို ပိုပြီး နားလည်အဆုံး အဖြတ်ပေးနိုင်မည်ဖြစ်သည်။ ပြည်နယ်၊ ခရိုင်အာဏာပိုင်တို့မှာ ၎င်းတို့ပြည်နယ်သယံဇာတကို ပိုမိုတိုးတက်အောင်လုပ်လိုသည့် စိတ်ဝင်စားမှုမျိုးရှိသည့်အတွက် လက်ရှိထိန်းချုပ်နေသည့် ဗဟိုအစိုးရအနေဖြင့် ပြည်နယ်တစ်ခုတည်း၏တိုးတက်ကောင်းမွန်ရန်အတွက်ပြုလုပ်လိုသည့် စိတ်ပါဝင်စား မှုမျိုး ရှိနိုင်မည် မဟုတ်ပေ။* [20]

[20] N. Haysom, S. Kane, Negotiating Natural Resources for Peace, 2009. http://comparativeconstitutionsproject.org/files/resources_peace.pdf.

## အာချေးသင်ခန်းစာများ[21]

အာချေးနီးပင်ရှုပက္ခရဲ့ အကြောင်းပြချက် တစ်ခုကတော့… ရေနံနှင့် ဓာတ်ငွေ့တို့မှ ရရှိသော အခွန် ဘဏ္ဍာခွဲဝေသုံးစွဲခြင်းကို စာအရ ဖြေရှင်းနိုင်ခဲ့သည်။ အာချေးအနေဖြင့် ၇၀ ရာခိုင်နှုန်းသော အမြတ်တို့ကိုရရှိပြီး ဗဟိုမှ ၃၀ ရာခိုင်နှုန်းသာရရှိသည်။ သို့သော်လည်း သဘောတူညီ ချက်တွင် မည်သူက သယံဇာတတို့ကို စီမံအုပ်ချုပ်မလဲ စသည်ဖြင့် အသေးစိတ် ဖော်ပြထား ချက်များမပါရှိသည့် အတွက် လုပ်ငန်းအကောင်အထည် ဖော်သည့် အပိုင်းတွင် ရှုပ်ထွေးမှု များ ဖြစ်စေ သည်။

အာချေးငြိမ်းချမ်းရေးသဘောတူညီချက်အား စေ့စပ်ညှိနှိုင်းပေးသူ လက်ရှိတွင် အာချေး ပြည်နယ်၏ ဘုရင်ခံမှ သတိဖော်ပေးသည်မှာ သဘော တူညီချက် တွင် "မည်သူက ဟိုက်ဒရိုကာဗွန်မှ ရရှိသော အကျိုးအမြတ်တို့ကို အုပ်ချုပ်ခြင်း၊ စည်းကမ်းလိုက်နာခြင်းတို့ပြုလုပ်သလဲ (သို့) လုပ်ငန်း အသစ် စူးစမ်းရှာဖွေရန်အတွက် ဘယ်သူက လိုင်စင်ချပေးသလဲ စသည်တို့ကို ပြောဆိုထားခြင်းမရှိပါ။ ဗဟိုအစိုးရနှင့် အာချေးအစိုးရကြား သယံဇာတကို ပူးတွဲ စီမံသွားရန် သဘောတူညီချက်တွင် ဆွေးနွေး ခဲ့သည်။ တကယ်တော့ နစ်ဖက်သဘောတူစာချုပ်တွင် တိကျမှန်ကန်မှုရှိစေရန် လုပ်ဆောင် ထား သင့်သည်။"

**ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတစီမံအုပ်ချုပ်ခြင်းနှင့် ပတ်သက်ပြီး အောက်ပါ အခြေခံသဘောတရား အတိုင်းလုပ်ဆောင်သွားရန်…**

(က) ပြည့်ဝသော ဒီမိုကရေစီနည်းကျ ရွေးကောက်ထားသော ကချင် ပြည်နယ်အစိုးရအနေဖြင့်ပြည်နယ်ရှိ သဘာဝသယံဇာတတို့ကို

[21] A. Wennmann, J. Krause, Resource Wealth, Autonomy, and Peace in Aceh, 2009

ကိုယ်တိုင်စီမံခန့်ခွဲခြင်း၊ ဥပဒေပြဌာန်းခြင်း၊တရားစီရင်ရေးအာဏာ ရှိခြင်း နှင့် ဒေသအဆင့် အစိုးရတို့ကို စီမံအုပ်ချုပ်ခွင့်အာဏာတို့ကို ကိုယ်စားလှယ်ပေးခြင်းတို့ပြု လုပ်ခွင့်ရှိရမည်။

(ခ) ပြည့်ဝသောဒီမိုကရေစီနည်းကျရွေးကောက်ထားသောကချင်ပြည်နယ် အစိုးရအနေဖြင့် ၎င်းတို့၏ သဘာဝသယံဇာတဆိုင်ရာ စီမံအုပ်ချုပ်ခြင်း အခွင့်အရေး ရှိရ မည်။

(ဂ) ဗဟိုအစိုးရနှင့် နိုင်ငံခြားကုမ္ပဏီအနေဖြင့် တွင်းထွက် သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းနှင့် ဖွံ့ဖြိုးရေး စီမံကိန်းတို့ကို စီမံခြင်းသော်လည်းကောင်း ထိန်းချုပ်ခြင်းသော်လည်းကောင်း လုပ်ဆောင်ခွင့်မရှိပါ။ ကချင်ပြည်အစိုးရ အနေဖြင့် ဗဟိုအစိုးရကို အထက်ပါ ကိစ္စနှင့် ပတ်သတ်ပြီး မှီခိုခြင်းမဟုတ်ပဲ သဘောတူညီချက် အတိုင်း ရပ်တည်ရန် လိုအပ်သည်။

(ဃ) ပြည့်ဝသော ဒီမိုကရေစီနည်းကျ ရွေးကောက်ထားသော ကချင်ပြည်နယ် အစိုးရ အနေဖြင့် ဒေသခံပြည်သူတို့၏ လိုအပ်ချက်ကို အကောင်းဆုံးဖြေရှင်းနိုင်ရန်အတွက်စီမံခြင်းအာဏာကို လက်အောက် အရာရှိများ ဖြစ်သည့် မြို့နယ်အဆင့်(သို့) ဒေသ အဆင့် အစိုးရတို့ကို လက်ဆင့် ကမ်းပေးသွားရမည်။

(င) အဆင့်တိုင်းတွင်ရှိသော အစိုးရများအနေဖြင့် အခြေအနေလိုအပ်ချက်ပေါ်မူတည်ပြီး ပြဌာန်းထားသော ထုံးတမ်းစဉ်လာဥပဒေပါ အတိုင်း ဒေသခံပြည် သူတို့၏ သယံဇာတစီမံခြင်း နှင့်ပတ်သက်ပြီး အသိအမှတ်ပြုရမည်။

(စ) သယံဇာတစီမံခြင်း အာဏာနှင့် ပတ်သက်သည့် အသေးစိတ်ဖော်ပြထားချက်တို့ကို ဖက်ဒရယ် ပြည်ထောင်စုနှင့် ကချင်ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ရေးသားဖော်ပြထား ရမည်။

## ဂ. ပြည်နယ်ထွက်သယံဇာတတို့မှ အခွန်ဘဏ္ဍာကောက်ယူခွင့် အာဏာ ကချင်ပြည်နယ် အစိုးရတွင် ရှိစေရန်ပြုလုပ်ပေးရန်...

သဘာဝသယံဇာတအသုံးပြုခြင်းမှ အခွန်အကောက်များ၊အခွန်ဘဏ္ဍာ စသည်တို့ကိုပြည့်ဝသောဒီမိုကရေစီ နည်းကျရွေး ကောက်ထား သော ကချင်ပြည်နယ်အစိုးရအနေဖြင့် ကောက်ယူ ပိုင်ခွင့်နှင့် လုပ်ငန်းဆောင် တာအဆင့်ဆင့်တို့ကို ပြည်နယ်အတွင်းနေထိုင်သော လူထုတို့ကို ရှင်းလင်း ပြတ်သားပြီး ပွင့်လင်းမြင်သာ စွာရှင်းပြထားရန် လိုအပ်သည်။ လူထုတို့၏ ဆန္ဒနှင့်အညီ အခွန်ဘဏ္ဍာတို့ကို ပြည်နယ်နှင့် ဒေသခံအစိုးရမှ သုံးစွဲမှုမျိုး မပြုလုပ်ပါက ၄င်းအရာရှိတို့အား မဲပေး၍ ဖြုတ်ချ ပိုင်ခွင့်ရှိသည်။

> ***"ပြည်နယ်အခြေစိုက် အခွန်အကောက်များ ကောက်ယူခြင်း စနစ်၏ အရေးသာမှု အထူးသဖြင့် မတူညီကွဲပြားသော လူမှုအသိုင်းအဝိုင်းအတွက် ခရိုင်အစိုးရအား သယံဇာတ သုံးစွဲမှုမှ အခွန်ဘဏ္ဍာတို့ကို တိုက်ရိုက်ကောက်ယူခွင့် ပေးခြင်းဖြင့် ပြည်နယ်နှင့် ဗဟိုအစိုးရကြား မယုံကြည်ခြင်းကို ရှောင်ရှား နိုင်မည် ဖြစ်သည်။"*** [22]

**သဘာဝသယံဇာတ ဆိုင်ရာအခွန်ဘဏ္ဍာ အခွင့်အရေးနှင့် ပတ်သက်ပြီး အောက်ပါအခြေခံသဘောတရား အတိုင်းအခြေ ပြုရမည်။**

(က) ကချင်ပြည်နယ်အစိုးရမှ သယံဇာတအသုံးပြုခြင်း၊ တူးဖော်ထုတ် လုပ်ခြင်းနှင့်အခြား ဆက်စပ်သော ဖွံ့ဖြိုးရေးစီမံကိန်းမှ အခွန် အကောက်များ၊ အကျိုးအမြတ်တို့ကို ကောက်ယူရမည်။ အခွန်ဘဏ္ဍာငွေအများဆုံးကို ပြည်နယ်အတွက် အသုံး ပြုရန် ထားရှိပြီး ပြည်ထောင်စုအစိုးရအတွက် လိုအပ် သောအခွန်ဘဏ္ဍာငွေများကိုအချိုးကျရာခိုင်နှုန်းဖြင့် ခွဲဝေ ရမည်ဖြစ်သည်။

[22] N. Haysom, S. Kane, Negotiating Natural Resources for Peace, 2009

(ခ) ကချင်ပြည်နယ်မှ ကောက်ယူရရှိသော အခွန်ဘဏ္ဍာတို့ကို ဒေသအစိုးရအဆင့်ဆင့်သို့ ခွဲဝေသုံးစွဲရမည်[23]။ အစိုးရအဆင့်တိုင်းသည် ပြည်သူလူထု ထံမှ ရွေးကောက်တင်မြှောက်ထားသော အစိုးရဖြစ်ရမည်။

(ဂ) ကချင်ပြည်နယ် အစိုးရအနေဖြင့် ကောက်ယူရရှိသော သယံဇာတ အခွန်များကို လူမှုဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် လမ်းပန်းဆက်သွယ်ရေး စသည့်ဖွံ့ဖြိုးရေး စီမံကိန်းတို့ကို ပုံစံထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စီမံခြင်းတို့တွင် အသုံးပြုရမည်။

(ဃ) နိုင်ငံတော်အစိုးရကိုပေးသော အခွန်ဘဏ္ဍာတို့ကို ရံပုံငွေ "Equalization fund" အဖြစ် ထားရှိပြီး ၎င်းအခွန်ဘဏ္ဍာတို့ကို မတိုးတက်သော ပြည်နယ်များ၏ ကျန်းမာရေး၊ ပညာရေးနှင့် အခြားဖွံ့ဖြိုးရေးစီမံကိန်းတို့အတွက် စီစဉ်ပေးရမည်။

**အောက်ပါလမ်းညွှန်ချက်တို့သည် သဘာဝသယံဇာတမှ ရရှိသော အခွန်ဘဏ္ဍာ တို့ကို ကောက်ယူသိမ်းဆည်းခြင်း၊ ပြန်လည်ဖြန့်ဝေခြင်းတို့ အကျုံးဝင် သည်။**[24]

(က) ၎င်းဒေသအတွင်း နေထိုင်သော ပြည်သူများအတွက် သဘာဝ သယံဇာတတို့ တူးဖော်ခြင်းနှင့် ဆက်စပ်သောဖွံ့ဖြိုးရေး စီမံကိန်းတို့မှ ရရှိ သော အကျိုးအမြတ်တို့ကို ရှရှိ ရမည်။

---

[23] Published by centre for trade and policy development (CTPD)/Policy brief on mineral revenue sharing mechanisms/reflection for Zambia/ copy©right CTPD 2013.

[24] Published by Christian Aid and SOMO, January, 2011/ Tax justice advocacy

(ခ) ကောက်ခံရရှိသော အခွန်တို့ကို ပြည်သူလူထု၏ စီးပွားရေး အတွက် ပံ့ပိုးကူညီပေးပြီး ၄င်းတို့၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချ ပေးနိုင်ရမည်။

(ဂ) အမြတ်ရာခိုင်နှုန်းအများစုသည် နိုင်ငံခြားရင်းနှီးမြုပ်နှံသူများ ထံသို့ မရောက်ရှိစေရပါ။

(ဃ) ဒေသခံလူထုတို့ကို လုပ်ငန်းခွင်များ ဖန်တီးပေးရမည်။ သင်တန်း နှင့် အလုပ်အကိုင် အခွင့်အလမ်း တို့ လမ်းဖွင့်ပေးထားရမည်။

(င) ကချင်ပြည်နယ်အတွင်း အလုပ်လုပ်သောသူများအတွက် အနည်းဆုံး လစာသတ်မှတ်မှု မျိုးကို ဒီမိုကရေစီနည်းကျ သတ်မှတ်ပေးထားပြီး ရှင်သန်ရပ်တည်ရန် အတွက် လုံလောက် ရမည်။



ပြည်နယ်၊ တိုင်းတို့၏ အဓိက ဝင်ငွေတို့မှာ ဗဟိုအစိုးရမှတစ်ဆင့်လာသည်ဖြစ်ပါက ၄င်းတို့အ နေဖြင့် ဆန္ဒရှိသည့်အတိုင်း လွတ်လပ်စွာ သုံးစွဲခွင့်ရှိပါသလား၊ အခွန်ကောက်ယူခြင်းနှင့် သုံးစွဲခြင်းကို ပြည်နယ်အဆင့်နှင့်ဒေသအဆင့်တွင် ဖြစ်သင့်သည်။

# အခန်း (၆)

## ကြားကာလ ခြေလှမ်းများ

**(က) ပဋိပက္ခများလျှော့ချနိုင်ရန်အတွက် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကာလအတွင်း အကြီးစားသယံဇာတတူးဖော်ခြင်းနှင့် ဆက်စပ်သော ဖွံ့ဖြိုးရေး စီမံကိန်းတို့ကို ရပ်တန့်ရန်...**

ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတစီမံခွင့် အခွင့်အရေးသည် ပဋိပက္ခတို့ အဆုံးသတ်ရန်အတွက် အဓိက အရေးကြီးသော နိုင်ငံရေး ဆုံးဖြတ်ချက် ချနိုင်ရန်လိုအပ်သည်။ နိုင်ငံရေးဆုံးဖြတ်ချက်များမချနိုင်ခင် အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများ စတင်လုပ်ဆောင်မည်ဆိုပါက နိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတို့ကြား ပဋိပက္ခများ ပိုမိုဖြစ်ပေါ် နိုင်ပြီး လူမှုအသိုင်းအဝိုင်း ကြား နောက်ဆက်တွဲဆိုးကျိုးများနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေသည်။ သယံဇာတ ပစ္စည်းများလည်း လျင်မြန်စွာကုန်ဆုံးသွားသည်။ ထို့ကြောင့် ၅၀ ဟက်တာ ထက် ပိုကြီးသော မြေနေရာအကျယ်အဝန်း အပါအဝင် စီမံကိန်းအသစ် အားလုံးကို ရပ်တန့်ရမည်။

ယခုလက်ရှိအကြီးစားကောက်ပဲသီးနှံစိုက်ပျိုးရေးနှင့် စက်ရုံတို့သည် ဟူးကောင်းကျွန်းထိန်းသိမ်းရေး နယ်တစ်ဝိုက်တွင် တည်ထောင်ထားသည်။

ထို့ကြောင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သင့်သော နေရာများသတ်မှတ်ထားချက်အောက်တွင် သယံဇာတများအား ဆက်လက်ခေါင်းပုံဖြတ် အမြတ်ထုတ်မှု များကိုဆက်လက်ဖြစ်ပေါ်နေသည်။ အဆိုပါခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ရှောင်ရှားနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ပြုပြင်ခြင်း၊ နိုင်ငံရေးဆွေးနွေးမှု မပြုလုပ်သေးမီ အချိန်တွင် ထိန်းသိမ်းစောင့်ရှောက်ရမည့်နေရာများ (သို့) ပန်းခြံများသတ်မှတ် တည်ထောင်ခြင်းများ ရပ်တန့်ရန် လိုအပ်သည်။ ထိုသို့ ထိန်းသိမ်း စောင့်ရှောက် ရေးလုပ်ငန်းတွင် ဒေသခံအစိုးရသာလျှင် ကောင်းမွန်စွာ စီမံခန့်ခွဲ နိုင်မည်ဖြစ်သည်။

ဖွဲ့စည်းပုံခြေခံဥဒေအသစ်အောက်တွင်လက်ရှိအကောင်အထည်ဖော်နေသော စီမံကိန်းတို့ကို ပြန်လည် ဆွေးနွေးညှိနှိုင်းရမည်။

## (ခ) မည်သည့်ထိန်းချုပ်မှုမျိုးမှမရှိသော လူထုပါဝင်မှုကို ခွင့်ပြုပေးရန်

လူထုနှင့် လူထုအကျိုးပြုအဖွဲ့အစည်းအများအနေဖြင့် သဘာဝသယံဇာတ သုံးစွဲမှုနှင့်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အသစ်နှင့်ပြဋ္ဌာန်းထားသော ဥပေဒေတို့အားလေ့လာစောင့်ကြည့်ခြင်းအခန်းကဏ္ဍကိုယူရန်မဖြစ်မနေလိုအပ် သည်။

၁။ လူထုအကျိုးပြုအဖွဲ့များအနေဖြင့် ဒေသခံပြည်သူတို့မှ ၎င်းတို့၏ အခွင့်အရေး တို့ကို သိရှိနားလည်စေရန် အသိပညာပေးခြင်းများ ပြုလုပ်ပေးရန်

၂။ မီဒီယာနှင့်အခြားလေ့လာစောင့်ကြည့်ရေး အဖွဲ့များအနေဖြင့် သတင်းအချက်အလက်များကို လွတ်လပ်စွာ ဝေမျှခွင့် ဖော်ပြခွင့် ရှိစေရန်

၃။ ဒေသခံလူထုတို့အနေဖြင့် အကြီးစား သဘာဝသယံဇာတ ဖွံ့ဖြိုးရေး စီမံကိန်းများ ပြုလုပ်ရာတွင် ၎င်းတို့၏ သဘောထားများပါဝင်ရန်အတွက် ဆန္ဒသဘောထားခံယူပွဲကို စီစဉ်ဆောင်ရွက် နိုင်သည့် အခွင့် အရေးပေးရန်

ကုမ္ပဏီနှင့်အစိုးရမှ မြေယာတို့ကိုသိမ်းယူခြင်း၊ လူထုအပေါ် ခေါင်းပုံဖြတ်ခြင်း (သို့) ၎င်းတို့၏ စီးပွားရေးအကျိုးအမြတ် တစ်ခုတည်းကိုသာ ကြည့်ပါက ပြည်သူများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြော ဆိုခွင့်နှင့် ဆန့်ကျင် ကန့်ကွက်ခွင့်ရှိရမည်။




*မြစ်ဆုံဆည်စီမံကိန်း နှင့်ပတ်သတ်ပြီး လူထုဆန္ဒခံယူပွဲ ၂၀၁၄*

# အခန်း (၇)

# အကာအကွယ်ပေးရေးယန္တရား တည်ဆောက်ခြင်း

အကာအကွယ်ပေးရေး ယန္တရားရှိခြင်းဖြင့် သတင်း အချက် အလက်များ ထုတ်ဖော်ခြင်း၊ တတိယအုပ်စုမှ သုံးသပ်အကဲဖြတ်ခြင်း၊ သယံဇာတ တူးဖော်ခြင်းနှင့် ဆက်စပ်သောဖွံ့ဖြိုးရေးစီမံချက်တို့အား လေ့လာစောင့်ကြည့်ခြင်း ကို ပြုလုပ်ရန်လိုအပ်သည်။ အစိုးရနှင့်ကုမ္ပဏီတို့မှ အာဏာအလွဲသုံးစား ပြုလုပ်မှုတို့ကို ကာကွယ်တားဆီးပေးနိုင်သည်။ ရှိလာသော ယန္တရားတို့ကို ဒေသခံလူထုတို့မှ သေသေချာချာနားလည်းပြီး လုပ်ငန်း အကောင်အထည်ဖော်သည့်အပိုင်းတွင် ပါဝင်ခွင့်ရှိရမည်။ ထို့အပြင် ၄င်းယန္တရားတို့အနေဖြင့် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် လွတ်လပ်ပြီး အလုပ်လုပ်နိုင်သည့် တရားရေးစနစ်နှင့် မီဒီယာတို့ကို လိုအပ်သည်။

အကာအကွယ်ပေးရေး ယန္တရားသည် ရေးဆွဲထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေ အသက်ဝင်လာသည် နှင့်တစ်ပြိုင်နက် ပြည်နယ်နှင့် ဒေသဆိုင်ရာ ဥပဒေများတွင် ထိန်းသိမ်းကာကွယ်ထားရမည်ဖြစ်သည်။ သို့မှသာ ကချင်ပြည်လူမှုအသိုင်းအဝိုင်းအနေဖြင့် သဘာဝသယံဇာတ ကိစ္စရပ်များကို ပြည်နယ် အစိုးရ နှင့် ချက်ချင်း ချိတ်ဆက်နိုင်မည်ဖြစ်သည်။

**၁။ ဖွံ့ဖြိုးရေးစီမံကိန်းသဘောတူညီချက်စာချုပ်:** ။ သဘာဝသယံဇာတ တူးဖော်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းတွေနှင့် ပတ်သတ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်း သဘောတူညီ ချက်စာချုပ်တွေကို [25] လူထုကြား ရနိုင်မည့်အနေအထား မျိုးစီစဉ်ထားရမည်။

(က) လူထုရဲ့ အမြင်သဘောထားတွေကို ဆွေးနွေးညှိနှိုင်း တဲ့စာချုပ်တွင် ထည့်သွင်း နိုင်ရန် ယန္တရားရှိရမည်။ အစိုးရ၊ စီးပွားရေးကုမ္ပဏီနှင့် ရပ်ရွာလူထုခေါင်းဆောင် စသဖြင့် သုံးပွင့်ဆိုင်စာချုပ်ချုပ်ဆိုရမည်။

(ခ) ဒေသခံလူထု အနေဖြင့် ရရှိမည့်အကျိုးရလဒ် တို့ကို စာချုပ်တွင် ထည့်သွင်းထားရ မည်။

(ဂ) ကောက်ယူရရှိသည့် အခွန်တို့နှင့်ပတ်သတ်ပြီး ဒေသခံ လူထုတို့ အတွက် မည်မျှအသုံးပြုသလဲ၊ စသဖြင့် အခွန်ဘဏ္ဍာတို့ကို စာချုပ်တွင် ထည့်သွင်းရမည်။

(ဃ) စာချုပ်တွင်ဒေသခံပြည်သူလူထုတို့၏ ဆုံးရှုံးမှုအပေါ် မည်မျှ လျော်ကြေး ပြန်ရ သလဲ။ စသည်ဖြင့် စာချုပ် ထဲတွင် ထည့်ရမည်။

(င) စာချုပ်ထဲတွင် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှု နှင့် လူမှုအကျိုး စီးပွား ကို ထိခိုက်စေ သော ကိစ္စရပ်တို့ လျော့နည်းစေရန်နှင့် ပေးဆောင် နေသော ငွေကြေးတို့ အတွက် ထည့်သွင်း ရမည်။

(စ) အစိုးရဌာနများ (သို့) ကုမ္ပဏီတို့မှ ဒေသခံလူထုအား ခြိမ်းခြောက်ခြင်း (သို့) အတင်အဓမ္မသဘောတူညီချက် တို့တွင် လက်မှတ်ရေးထိုး ခိုင်းခြင်း တို့ကို ပြုလုပ်သည်များ တွေ့ရှိပါက အပြစ်ပေးအရေးယူ ခံရမည်။

---

[25] Mining contracts. How to read and understand them, January 2014. https://www.documentcloud.org/documents/1279596-mining-contracts-how-to-read-and-understand-them.html

(ဆ) လက်ရှိသတ်မှတ်ထားသော စံတန်ဖိုးနှင့် အနာဂတ် ဝင်ငွေနစ်နာဆုံးရှုံးမှုများအရ ပျက်စီးဆုံးရှုံးသွားသော ပိုင်ဆိုင် ပစ္စည်းများ၊ အိမ်များကို လျော်ပေးရမည်။

(ဇ) စာချုပ်ထဲတွင် ပျက်စီးဆုံးရှုံးသွားသော မြေယာများနှင့် သဘာဝပတ်ဝန်းကျင်များကို ပုံမှန်ပြန်ဖြစ်ရန် ပြန်လည် ပြုလုပ်ပေးခြင်းတို့ကို ထည့်သွင်းရမည်။

**၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကာအကွယ်ပေးရေးဥပဒေ: ။** သဘာဝပတ်ဝန်းကျင် ပျက်စီးသွားပါက ဖွံ့ဖြိုးရေးလည်းမဖြစ်နိုင်တော့ပေ။ ဆင်းရဲသူ၊ ချမ်းသာသူ၊ ပညာတက်သူ၊ မတတ်သူအားလုံးမှာ နေထိုင်ရာနေရာလိုအပ်သည်။ ကျွန်ုပ်တို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ကို အားလုံးမှီခိုနေရခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ် ပေးရေးဥပဒေတရပ်ကို ရေးဆွဲပြီး သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန် ကာကွယ်တားဆီးနိုင်ပြီး လိုက်နာဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေသော သူများမှ ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို နဂိုအတိုင်းပြန်ဖြစ်စေရန် ပြုလုပ်ပေးရမည်။

**၃။ မြေယာမူဝါဒ ။**ကချင်ပြည်နယ်မြေယာမူဝါဒနှင့်ပတ်သက်ပြီး စာချုပ်စာတမ်းအဖြစ်ပြုလုပ်ထားရမည်။ မြေယာပိုင် ဆိုင်မှု၊ မြေယာစီမံခန့်ခွဲမှု၊ မြေယာအသုံးပြုမှုနှင့် ပတ်သက်ပြီး ခိုင်မာတိကျသော ဥပဒေအဖြစ်ရေးသားထားရမည်။ သဘာဝသယံဇာတဖွံ့ဖြိုးရေးစီမံကိန်းကို ဒေသနှင့် ပြည်နယ်အနာဂတ် ဥပဒေနှင့် ကိုက်ညီစေရန် ရေးသားထားရမည်။

**၄။ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီး အကဲဖြတ်ခြင်း (SEIA) ။** သဘာဝသယံဇာတတူးဖော်ခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများမစတင်မီ နိုင်ငံတကာအုပ်စုများမှ သဘာဝပတ်ဝန်းကျင် နှင့် လူမှုအကျိုးသက်ရောက်မှုတို့နှင့်ပတ်သက်ပြီး သုတေသနပြုစုခြင်း တို့ကိုပြုလုပ်ရန် လိုအပ်သည်။ သုတေသနစာတမ်းသည် လုပ်ငန်းစီမံချက် အတည်

မပြုခင် အများပြည်သူအကြား လက်လှမ်းမှီရမည်။ လုပ်ငန်း စီမံကိန်းများ (သို့) တူးဖော်ထုတ်လုပ်ခြင်းများဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန် သုတေသနပြုစုမှုထဲတွင် အများပြည်သူတို့၏ အကြံပြုချက် တို့ကို ထည့်သွင်းခွင့်ရှိသည့် အချိန်သတ်မှတ်ပေးရမည်။

**၅။ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာပွင့်လင်းမြင်သာမှု (EITI)** ။ ပြင်ပအဖွဲ့အစည်းအနေဖြင့် အစိုးရနှင့် ကုမ္ပဏီတို့ကို လေ့လာစောင့်ကြည့်ခြင်း ပြုလုပ်ရမည်။ သို့မှသာ ဖုံးကွယ်ခြင်းမရှိပဲ ပြည့်ဝသော ပွင့်လင်းမြင်သာမှု ရှိရမည်။ ၎င်းလုပ်ဆောင်ချက်တို့သည် ပြည်နယ်အဆင့် စီမံခြင်းနှင့် ပိုင်ဆိုင်ခြင်းအာဏာတို့ ရှိရမည်။ ဒေသခံလူထု ခေါင်းဆောင်များ ပါဝင်ခွင့်ပေးရမည်။ သို့မဟုတ်ပါက EITI သည် နိုင်ငံတော်အဆင့်မှလွဲပြီး ပြည်နယ်အဆင့်တွင် မည်သည့်အခန်းကဏ္ဍမျှ ရှိမည်မဟုတ်ပါ။

**၆။ အုပ်ချုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သစ်တောဥပဒေ အတည်ပြုခြင်း (FLEGT)** ။ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးတခုဖြစ်သည့် FLEGT အနေဖြင့် သစ်ထုတ်လုပ်မှုနှင့်ပတ်သတ်ပြီး ထိထိရောက်ရောက် တားဆီးနိုင်ရန် မြန်မာပြည်အနေအထားအတွက် အထူးစဉ်းစားချက်များ ရှိရန် လိုအပ်သည်။ အချို့ဒီမိုကရေစီ နိုင်ငံများတွင် တရားမဝင်လုပ်ဆောင်မှု များသည် ရှင်းလင်းမှုရှိသော်လည်း မြန်မာပြည် အနေအထားတွင် "ဥပဒေနှင့် ဆန့်ကျင်သည်" ဆိုသည့် စကားလုံးသည် မရှင်းလင်းပေ။ လက်တလောတွင် ၎င်းသက်ဆိုင်သော လှုပ်ရှားဆောင်ရွက်မှုတို့ကို "ဥပဒေနှင့် ဆန့်ကျင်သည်" ဆိုသည့် အမျိုးအစားထဲတွင် တွန်းပို့ရန်အတွက် ကချင်ဒေသခံလူထုတို့တွင် သဘာဝသယံဇာတစီမံခြင်းတို့တွင် ပါဝင်ခြင်းနှင့် ဆုံးဖြတ်ချက် ချခြင်းတို့ကို ပြုလုပ်နိုင်ရန် ဥပဒေဆိုင်ရာ အခွင့်အရေးမရှိပါ။ တပြိုင်တည်းတွင် စီးပွားရေးသမားများနှင့် ခရိုနီတို့မှာ နေပြည်တော်နှင့် စစ်တပ်တို့ကို ချိတ်ဆက်ထားသည့်အတွက် သစ်များဖြတ်ရန်အတွက် တရားဝင် လုပ်ပိုင်ခွင့် ရှိနေသည်။




*ကမ္ဘာ့အကြီးဆုံး ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေအလယ်တွင်*
*တရားဝင် ဧက ၂၀၀,၀၀၀ ရှိအကြီးစား ကောက်ပဲသီးနှံစိုက်ပျိုးရေး*

## နိဂုံး

ယနေ့တွင် အဓိကပြဿနာကို အဖြေရှာရန်အတွက် ကျွန်ုပ်တို့ကြားတွင် ဘာတွေဖြစ်နေသလဲဆိုသည်ကိုရှာ ဖွေရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အမှားများကို သမိုင်းထဲမှ လေ့လာသင်ခန်းစာယူရမည်ဖြစ်သည်။ သို့မှသာ ထပ်ခါထပ်ခါ ၎င်းအမှားတို့ကို မပြုလုပ်မိမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် မူဝါဒတို့သည် လူထု၏ လက်ထဲတွင်ရှိရမည်ဖြစ်ပြီး မျိုးဆက်သစ် တို့အတွက် ရေရှည်ခိုင်မာသည့် ဖွံ့ဖြိုးမျိုးကို ဦးစားပေးစဉ်းစားရမည်ဖြစ်သည်။ လက်ရှိလုပ်ဆောင်နေသော ဖွံ့ဖြိုးရေးစီမံကိန်းနှင့် သဘာဝသယံဇာတတူးဖော်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာက ချမှတ်ထားသော စံသတ်မှတ်ချက်တို့နှင့်အညီ ကျင့်သုံးရမည်။ သို့သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူလူထု တို့၏အခွင့်အရေးသည် မရှိမဖြစ်လိုအပ်သည့်အတွက် ဖက်ဒရယ်နှင့် ပြည်နယ်ဖွဲ့စည်းပုံတို့တွင် ထည့်သွင်းရေးဆွဲရမည်။

ကချင်ပြည်နယ် သဘာဝသယံဇာတ ဖွံ့ဖြိုးရေးဆိုင်ရာပေါ်လစီမူဝါဒ စာတမ်းပါ။ ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့မှ ပြုစုသည်။

### နောက်ဆက်တွဲ ၁။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးသို့ချဉ်းကပ်ရန် လမ်းညွှန်သည့် အခြေခံသဘောတရားများ

သဘာဝသယံဇာတများတွင် မြေ၊ အပင်များ၊ တိရစ္ဆာန်မျိုးစုံ၊ မြေပေါ်၊ မြေအောက်၊ ရေအောက်၊ မြစ်များ၊ အင်းအိုင်များ၊ သမုဒ္ဒရာအောက်ရှိ တွင်းထွက်ပစ္စည်းများ၊ သက်ရှိသတ္တဝါများ၊ ငှက်များ၊ ငါးများ၊ အင်္ဂါအစိတ်

အပိုင်းများ၊ ၎င်းအစိတ်အပိုင်းပစ္စည်းများ၊ ပိုးမွှားများစသဖြင့် လူများ နေထိုင်ရာ နေရာတို့တွင် တွေ့ရသော အရာအားလုံးကို ဆိုလိုသည်။ အထက်ဖေါ်ပြပါ သဘာဝသယံဇာတ တို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ္တလောကတွင် တည်ရှိသောအရာများဖြစ်သည်။ ၎င်းတို့သည် သီးခြားတည်ရှိ၍မရပါ။ အစိတ်အပိုင်းတစ်ခုခုပျက်စီးပါက အခြားအစိတ်အပိုင်း တို့တွင် ထိခိုက်မှုများ၊ သက်ရောက်မှုများရှိနိုင်သည်။ ထိုနည်းတူပင် အစိတ်အပိုင်းတစ်ခုခုမှ အားကောင်းလာမည်ဆိုပါက အခြားသော အမျိုးအစားတို့မှာလည်း အကျိုးကျေးဇူးများရရှိနိုင်သည်။ ထို့ကြောင့် ဒေသတွင်း နေထိုင်သူများ၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ တို့မှာ ဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် အချင်းချင်း အပြန်အလှန် ဆက်နွယ်မှု၊ အမှီသဟဲပြုမှုရှိကြသည်။ သဘာဝ သယံဇာတစီမံခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းတို့ အကောင်အထည်ဖော်မည် ဆိုပါက ရေတိုအတွက်သာ မဟုတ်ပဲ ရေရှည်အကျိုးအမြတ်အတွက်ပါ ထည့်သွင်း စဉ်းစားရမည်။

| သယံဇာတများမတူးဖော်မီနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများအကောင် အထည်မဖော်မီ | တူးဖော်ခြင်းနှင့်အကောင်အ ထည် ဖော်ခြင်းကာလအတွင်း | တူးဖော်ခြင်းနှင့် အကောင်အထည်ဖော်ပြီး |
| --- | --- | --- |
| ***ထိခိုက်နာကျင်ခြင်း၊ အန္တရာယ်တို့မှ တားဆီးကာကွယ်ခြင်းနှင့် ထိခိုက်ခံစား ရသောသူများအားအကြောင်းကြားခြင်း***<br>ကုမ္ပဏီမှ စီမံကိန်းနှင့်ပတ်သတ်ပြီး လက်မှတ်ရေးထိုးရာတွင် သိထား သော (သို့) မသိနိုင် သော ရှေ့ အနာ ဂတ်ထိခိုက်ပျက် စီးမှု များကို တာဝန်ခံ ရမည်။ မည်သည့် စီမံကိန်းမဆို လွတ်လပ်စွာ ကြိုတင် သတင်း ပေးခြင်း (FPIC) ကို သေချာမှုရှိအောင် ပြုလုပ်ထား ရမည်။ အစိုးရ အာဏာပိုင်များနှင့် ကုမ္ပဏီများမှ စီမံကိန်းအစီအစဉ်များ၊ ဒေသခံ လူထု တို့အား အကျိုးသက် ရောက်မှု ရှိစေမည့် အကြောင်း အရာတို့ကို ရှင်းပြထားရမည်။<br>သက်ရောက်မှုရှိသော လူထု တို့အား ဖွံ့ဖြိုးရေးစီမံကိန်းတို့၏အကျိုးကျေးဇူး နှင့် အားနည်းချက်တို့နှင့်ပတ်သက်ပြီး သတင်း အချက် အလက်များပေးရမည်။<br>ဒေသခံပြည်သူတို့မှ အချက် အလက် များ အကြံပြု ချက်များ ပေးနိုင်ရန် အတွက် ယန္တရားတစ်ခုရှိ ရမည်။ ဥပမာ။ စီမံကိန်း အကောင် အထည် မဖော်ခင် အချိန်ကာလ တခု သတ် မှတ်ပေးရမည်။<br>ဒေသခံလူထုတို့အနေဖြင့် ဖွံ့ဖြိုးရေး စီမံကိန်း အတွက် ဝယ်ယူသော မြေကေ နှင့် သိမ်းယူသော (သို့) ဖျက်ဆီးခဲ့သော အဆောက် အဦးများ နှင့် ပတ်သက် ပြီး ဒေသခံလူထု တို့မှ သတင်း အချက် အလက် များ ကြိုတင်ရရှိရမည်။ | ***လုပ်ငန်းအကောင်အထည်ဖော်သည့် အပိုင်းအား စောင့်ကြည့် ခြင်း၊ တရားမျှတမှုကိုသေချာ အောင်ပြုလုပ်ရန်နှင့် ထိခိုက်မှု များ ကို ဖြေရှင်းရန်***<br>လုပ်ငန်းစီမံချက်များအကောင်အထည် ဖော်စဉ်အတွင်း ထိခိုက်နာ ကျင်မှုများကိုပြန် လည်ပြင် ဆင်ရန် (ဖွံ့ဖြိုးရေး လုပ်ငန်း အကောင် အထည် ဖော် စဉ် အတွင်း လူထု ဆီသို့ အန္တရာယ် ဖြစ်စေ သော အကျိုး သက်ရောက် မှုတို့ကို ဖြေရှင်းပေးရန်) ထိခိုက်နာ ကျင် မှုများ မဖြစ်စေရန်နှင့် ချိုးဖောက် ကျူးလွန်သူ တို့ကို အပြစ်ပေးရန် အတွက် စီမံကိန်း အကောင်အထည် ဖော်ဆောင် မှုကို စောင့်ကြည့် လေ့လာခြင်း၊ စည်းကမ်း လိုက်နာ ခြင်းတို့ပြု လုပ်ရမည်။ မီဒီယာနှင့် လွတ်လပ်သောလုပ် ငန်းဌာနများ၊ လူမှုအဖွဲ့ အစည်း များမှ လုပ်ငန်း စီမံကိန်း နေရာ များကို စုံးစမ်း စစ်ဆေး ခွင့် ရှိရမည်။<br>ကချင်ပြည်နယ်တွင် စက်ရုံများ တည်ရှိခြင်းဖြင့် ကချင်ပြည်နယ် အတွင်း လုပ်ငန်းများဖန်တီး ပေးခြင်းနှင့်စံတန်ဖိုးများ သတ်မှတ် ထား ရမည်။<br>အခွန်အကောက်များ၊ အကျိုး အမြတ်များနှင့်သက်ဆိုင်သော ငွေစာရင်းတို့သည် ပွင့်လင်းမြင် သာ စွာ လူထုကြားတွင် ချပြရမည်။<br>ဒေသခံလူထုတို့၏ ဖွံ့ဖြိုးရေးအတွက် အသုံးပြုသော ရာခိုင်နှုန်း သတ်မှတ်ထားသော အမြတ်များနှင့် ငွေပမာဏ တို့ကို လူထုကြားတွင် ချပြရမည်။ | ***ရေရှည်အကျိုးရလဒ် အတွက်သုံးသပ် ရန် နှင့် ရေရှည် ထိခိုက်ပျက်စီးမှုကို တားဆီးရန်***<br>ပျက်စီးသွားသောသဘာဝ ပတ်ဝန်းကျင်အား နဂိုမူရင်း အတိုင်း ပြန်ဖြစ်စေရန် အပြည့်အဝ ပြန်လည် အစားထိုးပေးရမည်။ အမှိုက်များ၊ အညစ်အကြေး တို့ကို သင့်တင့်လျောက်ပတ်စွာ စွန့်ပစ်ခြင်းတို့ပြုလုပ် ရမည်။ |

## ဇယား-၂။ ရွေးချယ်ထားသော နိုင်ငံပေါင်းများစွာမှ သဘာဝသယံဇာတ အရင်းအမြစ်အပေါ် အာဏာခွဲဝေခြင်း

| နိုင်ငံတော် ဦးစားပေးမှု | ဒေသတွင်းဦးစားပေးမှု | ဝေခြမ်း/ခွဲဝေ ဦးစားပေးမှု | ကွဲပြားချက် |
|---|---|---|---|
| နိုင်ဂျီးရီးယား-နိုင်ငံ့ ပါလီမန် က သတ္တုတွင်းနှင့် သယံ ဇာတများ၊ ဟိုက်ဒရိုကာဗွန်များကို ဥပဒေပြုရေးဌာနမှ ပါဝင်စေသည်။ (အလုံးစုံ ဥပဒေပြုရေးစာရင်း အပိုင်း-၃၉) | ကနေဒါ- အစားမထိုးနိုင်သည့် သဘာဝသယံဇာတများရှာဖွေ ခြင်း ၊ ဖွံ့ဖြိုးရေး၊ ထိန်းသိမ်းစောင့် ရှောက်ရေး၊ အစား မထိုး နိုင်သည့် အရာ များနှင့် သစ်တော အရင်းအမြစ် များကို စီမံကွပ်ကဲခြင်း ဆိုင်ရာ ဥပဒေချမှတ်ရန် ပြည်နယ်အစိုးရနှင့် ပါလီမံကို အာဏာ ပေးထားသည်။ | အီရတ်- အီရတ်ပြည်သူများအတွက် အများဆုံး အကျိုးခံစား နိုင်ရန် အီရတ်နိုင်ငံ၏ ရေနံနှင့် သဘာဝဓါတ်ငွေ့ ဗျူဟာချမှတ်ရာတွင် ဖက်ဒရယ်အစိုးရနှင့် အတူ ပြည်နယ်အစိုးရ များက တာဝန်ယူရမည်။ (ပုဒ်မ၊ ၁၁၂.၂) | အင်ဒိုနီးရှား-ဒေသဆိုင်ရာ ကောင်စီကိုယ်စားလှယ်များ (ပါလီမန်အထက်လွှတ်တော်) အား သဘာဝ အရင်းအမြစ် နှင့်တစ်ခြားစီးပွား ရေးအရင်းအမြစ်များကို စီမံကွပ်ကဲရန်ဥပဒေပြုအာဏာ အပ်ပေးထားသည်။ (အခန်း VII A 22 D) |
| ဗင်နီဇွဲလား- နိုင်ငံတော်လူထုအာဏာ (ဖက်ဒ ရယ်အစိုးရ) သည် သတ္တုတွင်း နှင့်ဟိုက်ဒရိုက်ကာဗွန်များကို အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကိုတာဝန်ယူရသည်။ (ပုဒ်မ-၁၅၆) | အာရပ်စော်ဘွားများပြည်ထောင်စု-စော်ဘွားနယ်တစ်ခုစီသည် မိမိဒေသရှိ သဘာဝအရင်းအမြစ်နှင့် ဥစ္စာဓနတို့ကိုထိန်းချုပ်သည်။ | ရုရှား-ရုရှားဖက်ဒရေး ရှင်းနှင့်ပြည်သူများသည် မြေ၊ သယံဇာတ၊ ရေအရင်း အမြစ်နှင့် အခြားသဘာဝ အရင်း အမြစ်တို့ကို သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း ပြုနိုင်သလို သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်ရန် အာဏာ ရှိသည်။ (ပုဒ်မ -၇၁.၁ C နှင့် ပုဒ်မ ၇၂.၁ E) | အင်ဒိုနီးရှားအစိုးရနှင့် အာချေးပြည်နယ်အစိုးရ တို့အကြား ရေနံနှင့် ဓါတ်ငွေ့ အရင်းအမြစ် များကို ပူးတွဲစီမံခန့်ခွဲရန် အာချေးအစိုးရအပေါ် ၁၆၀၊ဥပဒေပြုထားသည်။(အပိုင်းပုဒ်မ ၅) |
| | | ဆူဒန်- အမျိုးသားရေနံ ကော်မီရှင် (NPC) ကိုနိုင်ငံတော်အစိုးရ ကိုယ်စား လှယ်များ ဆူဒန်တောင်ပိုင်း အစိုးရနှင့် ပြည်နယ်အစိုးရ များဖြင့် ထူထောင်ထား သည်။ NPC သည် ချမှတ် ထားသောလူထုပေါ် လစီ ကို အကောင် အထည်ဖော်ရန်၊ ဖွံ့ဖြိုးရေးနည်း ဗျူဟာချရန်၊ ညှိနှိုင်းခြင်း နှင့် ရေနံကန်ထရိုက် အားလုံးကို အသိအမှတ်ပြု ခြင်းများကို တာဝန်ယူသည်။ (ငြိမ်းချမ်းရေးနားလည် မှု သဘောတူညီချက်၊ ဓနခွဲဝေရေးလုပ်ထုံး ပုဒ်မ-၃.၂) | ပါပူဝါနယူးဂီနီ- သဘာဝအရင်းအမြစ်များသည် နိုင်ငံတော် ဥပဒေ အာဏာအောက် တွင် ပါဝင်သည်။ သဘာဝ သယံဇာတနှင့် မြေယာ အာဏာပိုင်မှု၊ လုပ်ငန်းလုပ်ဆောင်မှုတို့ကို ဘိုဂိန်းဗီးလားကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရထံ လွှဲထားရန်။ ၄င်းသည် လိုအပ်သလိုလုပ်နိုင်သည်။ (ပုဒ်မ-၂၉၀.၂ zd) |

၁၈၈

# ဇယား ၂

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း
# (ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည်)

၁။ **ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊

(ဂ) မြေယာခွန်၊

(ဃ) ယစ်မျိုးခွန် (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများ မပါ)၊

(င) အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ထုတ်ချေးခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊

(ည) ဒေသန္တရစီမံကိန်း၊

(ဋ) အသေးစားငွေချေးလုပ်ငန်း။

၂။ **စီးပွားရေးကဏ္ဍ**

(က) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊

(ခ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကုန်သွယ်ရောင်းဝယ်ရေးကိစ္စများ၊

(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ။

၁၈၉

၃။ **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ**

(က) လယ်ယာစိုက်ပျိုးရေး၊

(ခ) အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေး၊

(ဂ) ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊

(ဃ) စိုက်ပျိုးရေး ချေးငွေနှင့် စုငွေများ၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေးရရှိရေးလုပ်ငန်းများ၊

(စ) ရေချိုငါးလုပ်ငန်း၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး။

၄။ **စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ**

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

(ခ) ဆားနှင့်ဆားထွက်ပစ္စည်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်း၊

(င) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်။

၅။ **စက်မှုလက်မှုကဏ္ဍ**

(က) ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ။

၆။ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်လမ်းများ၊ တံတားများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိက ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး၊

၇။ **လူမှုရေးကဏ္ဍ**

(က) ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊

(ဂ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊

(ဃ) ကုန်တင်ကုန်ချလုပ်ငန်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် -

(၁) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊

(၂) ပြတိုက်နှင့်စာကြည့်တိုက်များ။

(စ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊

(ဆ) ခါတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ။

၈။ **စီမံခန့်ခွဲရေးကဏ္ဍ**

(က) စည်ပင်သာယာရေး၊

(ခ) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ။